ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (3-11-2011) (၆၉၃၂)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို မှတ်တမ်းတင်နိုင်အောင် အစွမ်းကုန်ကြိုးစား နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်

## ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏အောင်လံ တလူလူလွင့်ပျံနေရအောင် ရေကူးရေခန်း ကြိုးပမ်းယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ (၂၆)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ အားကစားအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး နိုင်ငံတော်အလံကို အပ်နှင်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ (၂၆)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင် အားကစား သမားများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁သို့** ☆



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာအားကစား အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ အပ်နှင်းစဉ်။** (သတင်းစဉ်)

# အားကစားကွင်းများမြှင့်တင်ရန်၊ အားကစားပစ္စည်းများဖြည့်တင်းရန် ပထမအဆင့် လိုအပ်သည်ကို တွေ့ရှိရ နိုင်ငံတော်၏ အားပေးမှုနှင့်အတူ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားပါက မြန်မာ့ဘောလုံးလောက ပြန်လည်တိုးတက်လာမည်ဟု မျှော်လင့်

ရန်ကုန် နိုဝင်ဘာ ၂

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အားကစားကွင်းများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။**

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ လိုက်ပါလျက် ညနေ ၄ နာရီခွဲတွင် သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း အကြီးစားအဆင့်မြှင့်တင်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း အကြီးစားအဆင့်မြှင့်တင်ပြုပြင်နေမှု၊ ဘောလုံးကွင်း ပွဲကြည့်စင်ထိုင်ခုံ ၃၀၀၀၀ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မီးမောင်းများ အဆင့်မြှင့်တင် တည်ဆောက်နေမှု၊ ယခင်ဘောလုံးကွင်းမြက်ခင်းအခြေအနေနှင့် ဘောလုံးကွင်း မြေသား ယခုပြုပြင်ခြင်းလုပ်ငန်းများ၊ လေ့ကျင့်ရေးကွင်း(၃)နှင့်(၄) အကြီးစားပြုပြင်ခြင်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာဘောလုံးလောကမြှင့်တင်နိုင်ရေး အတွက် ယခုကဲ့သို့ ဘောလုံးကွင်းများကို လိုက်လံကြည့်ရှုခြင်းဖြစ်ရာ အားကစားကွင်းများ မြှင့်တင်ရန်၊ အားကစားပစ္စည်းများဖြည့်တင်းရန် ပထမအဆင့် လိုအပ်သည်ကို တွေ့ရှိရကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၂ သို့** ○

ကြေးမုံစာတည်းရှုထောင့် ၃-၁၁-၂၀၁၁[ကြာသပတေးနေ့]။

# ပြည်သူ့ကျန်းမာရေးအတွက် ကိုယ်စီတာဝန်ရှိသည်

လူတို့သည် မိမိကိုယ်ကို ကျန်းမာနေစေရန် နေ့စဉ်သတိပြုကြရ၏။ အစားအသောက်၊ အနေအထိုင်နှင့် စိတ်အနေတို့ကအစ ဖြစ်၏။

လူတို့၏ နေ့စဉ်ပြုဖွယ်ကိစ္စများအနက် အစားအသောက်သည် ရှောင်လွှဲမရသော ကိစ္စ။ အသက်ရှင်ရပ်တည် နေထိုင်ရေးအတွက် မပါမဖြစ်။ ကျန်းမာသောဘဝကိုပိုင်ဆိုင်ဖို့ ဦးစားပေးစဉ်းစားရသောအရာ။ ထိုမျှအရေးပါ၏။ သန့်ရှင်းလတ်ဆတ်၍ ဆီလျော်လိုက်ဖက်သော အစားအသောက်သည် ဆရာဝန်မလိုသော ပစ္စည်းဟု ဆိုနိုင်၏။ ဆန့်ကျင်ဘက်အားဖြင့် မသန့်ရှင်း မလတ်ဆတ်သော အစားအသောက်သည် ဆရာဝန်လိုသော ပစ္စည်း။ ယနေ့ လူအများခံစားခဲ့ရသော ရောဂါဝေဒနာအမျိုးမျိုး အဖုံဖုံတို့အနက် များသောအားဖြင့် အစားအသောက်၏ ဘေးထွက်ဆိုးကျိုးမှဖြစ်သော ရောဂါများလည်း မနည်းလှ။

ထို့ကြောင့် **"သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကိုသာ စားသောက်ကြပါ"** ဟု တွင်တွင်တိုက်တွန်းနေရ၏။

သန့်ရှင်းလတ်ဆတ်သော အစားအသောက်သည် ကျေးလက်ထက် မြို့ပြက ပိုမိုလိုအပ်၏။ တိုးတက်လာသော လူဦးရေနှင့်အတူ ကုန်တိုက်ကြီးများ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ မြို့ပြတွင် တိုးပွားလာ၏။ ထိုဆိုင်များမှ စားသောက်ကုန်များသည် သက်တမ်းလွန်စားသောက်ကုန်များ မဖြစ်ရန်လို၏။ မကြာသေးမီက ဆိုင်အချို့တွင် သက်တမ်းလွန် စားသောက်ကုန်အချို့ကို ဝယ်ယူမိသည်ဟု မြို့ခံအချို့ထံမှ သိရသည်။ ပြည်တွင်းထုတ်နှင့် ပြည်ပထုတ် စားသောက်ကုန်မျိုးစုံပါဝင်၏။ အထူးသဖြင့် အသင့်စားသောက်ရန် ပြင်ဆင်ထားသော အစားအသောက်များဖြစ်၏။ နည်းလမ်းအမျိုးမျိုးဖြင့် ပြုပြင်ထားသည်ဟု ဆို၏။

လူတို့သည် ကုန်ပစ္စည်းများ ဈေးချိုသည်ကို အလွန်နှစ်သက်၏။ ဈေးပေါပေါနှင့် အချောင်ရလျှင် ပိုကြိုက်တတ်၏။ ထိုအားနည်းချက်ကို အခွင့်ကောင်းမယူမိဖို့လို၏။ သက်တမ်းလွန်ဖျက်သိမ်းမည့် စားသောက်ကုန်များကို ဈေးပေါပေါဖြင့် ဝယ်ယူ၊ ပြည်တွင်းဈေးကွက်၌ သက်တမ်းပြောင်း၍ ရောင်းချခြင်းကို ရှောင်ရှားရမည်ဖြစ်သည်။ မတော်လောဘဖြင့် တစိမ့်စိမ့်အမှည့်မခြွေမိဖို့လို၏။ လူသုံးကုန်မှာ မဆိုသာသော်လည်း စားသောက်ကုန်မှာ လူသားများအတွက် အလွန်အရေးကြီးပါ၏။

မြန်မာနိုင်ငံတွင် အမျိုးသားအစားအသောက်ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်၏။ စားသုံးသူကို ဘေးဖြစ်စေနိုင်သော မည်သည့်ဆောင်ရွက်ချက်မျိုးကိုမဆို သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ တိုက်ရိုက်နည်းဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ပြုလုပ်သူအား ပြစ်ဒဏ်များ ချမှတ်နိုင်ကြောင်း တရားဝင်ပြဋ္ဌာန်းထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကာကွယ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး မြို့နယ်အဆင့်အထိသွားရောက်ကာ ထိထိရောက်ရောက် စစ်ဆေးအရေးယူလျက်ရှိသည်ကိုလည်း ကြားသိရသည်။ ထိုမျှနှင့် မလုံလောက်သေး။ ကုန်ပစ္စည်းထုတ်လုပ်သူ၊ ဖြန့်ဖြူးသူများတွင် အမျိုးသားရေးအသိတာဝန်ရှိဖို့ လိုပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ ပြည်သူ့ကျန်းမာရေးအတွက် လိုအပ်ချက်များစွာကို အဖွဲ့အစည်းများသာမက နိုင်ငံသားတိုင်း၌လည်း ကိုယ်စီတာဝန်ရှိပါကြောင်း ကြေးမုံက ရှုမြင်သုံးသပ်ပါသည်။ ။

# ရေဘေးသင့်ကျေးရွာများရှိ ပြည်သူများအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂

**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် အောက်တိုဘာ ၂၉ ရက်တွင် ဆိပ်ဖြူမြို့နယ်၌ ယောချောင်းချောင်းရေကြီးမှုကြောင့် ရေလွှမ်းခဲ့သော တူးရွှင်းမြောကျေးရွာ၊ ချောင်းမကြီး (အရှေ့) ကျေးရွာနှင့် မယ်ဇလီကွေ့ကျေးရွာတို့၏ ရေမြုပ်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုပြီး စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရွှံ့ညွန်များ ဖယ်ရှားနေမှုကို ကြည့်ရှုအားပေးသည်။**

ဆက်လက်၍ ဆိပ်ဖြူမြို့နယ် ပင်းတလဲကျေးရွာ အထက(ခွဲ)တွင် ပင်းတလဲကျေးရွာမှ ရေဘေးသင့်ပြည်သူများ၊ ယောချောင်းတစ်လျှောက်ရှိ ဆင်နီတောင်ရွာ၊ ဒေါသာရွာတို့မှ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ယောချောင်းအရှေ့ဘက်ကမ်း ပခုက္ကူမြို့နယ်ရှိ ကျေးရွာများဖြစ်သော ချိုင့်ကျေးရွာ၊ စညောင်းကျေးရွာ၊ ဒွဲပြားကျေးရွာ၊ ဂဝံလေးတိုင်ကျေးရွာတို့၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးရေး၊ နေအိမ်များ ပြန်လည်တည်ဆောက်ရေး၊ ကျေးရွာရှိ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်မံပံ့ပိုးကူညီမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၀ ရက်တွင် ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်ရှိ အိမ်ခြေအချို့ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သဖြင့် ရေဘေးသင့်ပြည်သူများအား ယာယီထားရှိရန် ရွက်ဖျင်တဲ ၃၀၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးမီးကြီးများ တပ်ဆင်ရေး၊ လိုအပ်သော ရေ၊ မီး၊ မိလ္လာ၊ ကျန်းမာရေးကိစ္စရပ်များ စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ပခုက္ကူခရိုင် ပေါက်မြို့နယ် ရေပြာအထက်တန်းကျောင်းခန်းမ၌ ပေါက်မြို့နယ်အတွင်းရှိ ရေဝင်ရောက်ခဲ့သော ကျေးရွာ ၃၅ ရွာအတွက် လိုအပ်သော ရိက္ခာထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို စနစ်တကျ ဆောင်ရွက်ရန်၊ ရေဘေးသင့်ပြည်သူများ အမြန်ဆုံးမူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် တာဝန်ရှိသူတို့က အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယောချောင်းတစ်လျှောက် ရေနစ်မြုပ်မှုအခြေအနေများကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပေါက်မြို့နယ် ချောင်းနားကျေးရွာ၌ ပြည်သူများနှင့် တွေ့ဆုံ၍ ရေကြီး၍ ပျက်စီးသွားသော ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီတွင် ပခုက္ကူမြို့ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာကျောင်း၌ ကျင်းပသော ရေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့မှ လှူဒါန်းသော ငွေကျပ်သိန်း ၅၀ နှင့် လေးသောင်းကို လည်းကောင်း၊ တိလောကရာမကျောင်းတိုက် ကယ်ဆယ်ရေး စခန်းမှ ရေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို လည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အန့်ဇော်နှင့် တာဝန်ရှိသူများက မိုးကုတ်ဝိပဿနာရိပ်သာ ကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများနှင့် မတ္တတောင် ကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းကောင်း ပံ့ပိုးလှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေချောင်းတံတား ယာယီဘေလီသံပေါင် တပ်ဆင်ဆောက်လုပ်နေခြင်းကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့နယ် ချိုက်ကျေးရွာအုပ်စု ဝါဇီကျေးရွာ၌ ရေဘေးသင့်အိမ်ထောင်စုများအတွက် ဖွင့်လှစ်ထားသောဆေးခန်းကို ကြည့်ရှုစစ်ဆေးကာ ဆေးဝါးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၁၁-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၃ | ၁။ | နိုင်ငံတော်သီချင်း |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၂၀ | ၃။ | ဓမ္မပူဇာတေး |
| ၇:၃၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၄၀ | ၅။ | မြန်မာ့ရှုခင်း |
| ၇:၄၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ | ဇာတ်လမ်းတို |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄:၀၃ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | ဇာတ်လမ်းတို |
| ၄:၃၀ | ၅။ | ချစ်သူစုံတွဲတူယှဉ်ရွှဲ |
| ၄:၃၅ | ၆။ | ဗွီစီဒီကျော်ကြားတေး |
| ၄:၄၅ | ၇။ | မွေးမြူသုတ |
| ၄:၅၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅:၁၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၃၀ | ၁၀။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁၄)** |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၅ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၃၀ | ၁၃။ | ထူးဆန်းထွေလာ မျက်လှည့်ပညာ |
| ၆:၄၅ | ၁၄။ | ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၇၁) |
| ၇:၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၆၆)** |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | အနုပညာရှင်၏တစ်နေ့တာ |
| | ၂၂။ | လျှပ်တစ်ပြက် |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၆)** |

# လှိုင်ကော်မြို့၌ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ကယားပြည်နယ် ပြည်နယ်အဆင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း မြှင့်တင်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ပြည်နယ်ကျန်းမာရေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးကိုးရယ်က ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနှင်းနှင်းလွင်က မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေး တင်ပြကြသည်။ အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးနှင့် တက်ရောက်လာကြသူများက သင်ထောက်ကူ ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲအုပ် အောင်လှိုင်စိုးနှင့် အဖွဲ့သည် အောက်တိုဘာ ၃၀ ရက်တွင် တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မကျောင်းရှိ ဆရာ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၀၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲအုပ် ခင်မောင်ထွန်းသည် အောက်တိုဘာ ၃၁ ရက်တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သဃ်န်းကျွန်းမြို့နယ်ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၈၁၇ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောပို့ချ ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အလှူငွေများ ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်ပူဇော်မည့် ဗုဒ္ဓမြတ်စွယ်တော်အား ဒီဇင်ဘာ ၆ ရက်မှ ၂၄ ရက်အထိ မန္တလေးမြို့ မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီး၌ အပူဇော်ခံထားရှိမည်ဖြစ်ရာ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်း ရုံးဖုန်း-၀၂-၂၄၉၆၄၊ အိမ် ဖုန်း-၀၂-၇၇၉၈၂၊ ၀၉-၉၁၀၀၀၆၄၅၊ ညွှန်ကြားရေးမှူး (ဗဟိုဘဏ်) ဦးရဲမြင့် ဖုန်း-၀၂-၃၅၆၄၂၊ ၀၉-၆၅၀၂၄၁၆၊ ညွှန်ကြားရေးမှူး (စစ်ရင်းစစ်ချုပ်ရုံး) ဦးတင်ဌေး ဖုန်း-၀၂-၃၀၀၂၉၊ ၀၉-၅၀၀၄၆၃၆၊ တိုင်းဒေသကြီးမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်) ဦးသိန်းထွေး ဖုန်း-၀၂-၃၅၆၄၃၊ ၀၉-၅၁၁၀၂၁၊ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး (ပြည်တွင်းအခွန်) ဦးအောင်ဝင်း ဖုန်း-၀၂-၆၁၁၅၃၊ ၀၉-၄၃၀၆၃၁၀၁နှင့် ဌာနမှူး (မြို့တော်စည်ပင်) ဒေါ်စုစုကြည် ဖုန်း-၀၂-၃၆၁၆၅၊ ၀၉-၂၀၀၁၈၇၉ တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး ရင်ပြင်တော် တိုးချဲ့ဆောင်တန်ဆောင်းတော်ကြီးအတွက် ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ်နေ အလှူရှင် ဦးဖေအောင်-ဒေါ်ခင်အေးကြွယ်(ရွှေအေးရိပ်) မိသားစုက ကြေးသွန်းဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်တို့ထံ အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းစဉ်။ (ကြေးမုံ)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၆၀၉ | ၀. ၀၃၂၅၁ |
| တရုတ် (ယွမ်) | ၆. ၃၅၉၂၀ | ၀. ၁၅၇၂၅ |
| အိန္ဒိယ (ရူပီး) | ၄၉. ၁၈၅၀ | ၀. ၀၂၀၃၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၃၂၄၈ | ၀. ၃၁၉၂၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၃၃၉ | ၀. ၇၈၅၃၀ |
| ဂျပန် (ယန်း) | ၇၈. ၀၇၄၄ | ၀. ၀၁၂၈၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၀. ၉၄ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၂၄၂၂ | ၁. ၃၈၀၈၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၃၈၀ | ၁. ၆၀၃၀၈ |

အင်တာနက်။

# နေပြည်တော် ဟိုတယ်ဇုန် အခွန်ပညာပေးဆွေးနွေး

**ပျဉ်းမနား နိုဝင်ဘာ ၂**

နေပြည်တော် ဟိုတယ်ဇုန် အခွန်ပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မင်္ဂလာသီရိဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ကုန်သွယ်လုပ်ငန်းခွန် ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျ၊ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးဝင်းညွန့်၊ နေပြည်တော်ဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်အခွန်ဦးစီးဌာနမှူးနှင့် ဒက္ခိဏသီရိမြို့နယ် တာဝန်ခံဦးစီးအရာရှိ ဦးကြည်ထွန်းတို့က အခွန်ဆိုင်ရာ သိကောင်းစရာများနှင့် ဟိုတယ်လုပ်ငန်းရှင် အခွန်ထမ်းများ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ဟိုတယ်လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ (၅၈၆)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

☆ ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစား အဖွဲ့ဝင်များက မိတ်ဆက်ဂါရဝပြုကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်မြို့နှင့် ဂျကာတာမြို့တို့၌ နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်၍ ယနေ့ဆိုလျှင် ရက်ပေါင်း ၈ ရက်သာ လိုတော့ကြောင်း၊ ဤအချိန်တွင် အားကစားသမား မောင်/မယ်အားလုံးသည် မိမိတို့ ရက်ရှည်လများစွာ လေ့ကျင့်ထားမှုများကို အစွမ်းကုန်ထုတ်သုံးနိုင်ရန် ကိုယ်ကာယပိုင်းရော စိတ်ဓာတ်ပိုင်းပါ ကြံ့ခိုင်မှုအဆင့်မြင့်ဆုံးကို ရောက်ရှိနေပြီဟု ယုံကြည်ပါကြောင်း။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၂ မျိုး ကျင်းပခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် စခန်းသွင်းလေ့ကျင့်ပြီး အဆင့်မီပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၂၇ မျိုးမှ အားကစားသမားများနှင့် အုပ်ချုပ်မှုအဖွဲ့အပါအဝင် စုစုပေါင်း ၅၉၀ ဖြင့် စနစ်တကျဖွဲ့စည်းယှဉ်ပြိုင်သွားမှာ ဖြစ်ကြောင်း။

ယခုတစ်ကြိမ် အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြပြီး မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို မှတ်တမ်းတင်နိုင်အောင် အစွမ်းကုန်ကြိုးစားသွားကြရမှာ ဖြစ်ကြောင်း။

### ထူးခြားသည့်ဂုဏ်ဒြပ်

ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲကို နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ဆိုသည်ကို အားကစားသမားအားလုံး သတိချပ်ကြရန်လိုကြောင်း၊ ထို့အတူ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာနှင့် ဆက်စပ်သည့် ပြိုင်ပွဲဖြစ်နေသည်ဆိုသည်ကိုလည်း သတိပြုကြရန်လိုကြောင်း။

ထို့ကြောင့် ယနေ့မြန်မာအားကစားအဖွဲ့ကို အပ်နှင်းမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အလံတော်သည် ဂုဏ်ဒြပ်ရော၊ အမျိုးသားရေးတာဝန်ပါ ကိုယ်စားပြုနေသည်ကို သိရှိထားရန်နှင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏အောင်လံ တလူလူလွင့်ပျံနေရအောင် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံက အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျအစီအမံများဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကြိုးပမ်းဆောင်ရွက်မှုများ၏ အောင်မြင်မှုများကို နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်အနိုင်ယူနိုင်သည့် စွမ်းဆောင်ရည်ဖြင့်သာ ဖော်ထုတ်ပြသကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ဤအားကစားပြိုင်ပွဲကြီးကို သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင်အားကစား မောင်/မယ်အားလုံး ပြိုင်ပွဲတိုင်း ယှဉ်ပြိုင်အနိုင်ရရှိရေး၏ လေးနက်အရေးပါမှုနှင့် အမျိုးသားရေး အနှစ်သာရကိုသိရှိပြီး အားကစား မောင်/မယ်များအပေါ် နိုင်ငံတော်နှင့် ပြည်သူများ၏ ယုံကြည်အားထားမှုများ အောင်မြင်ပြည့်ဝစေရအောင် အလေးအနက်ထား ကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရနှင့်တကွ အားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အားကစားစေတနာ ရှင်အလှူရှင်များ၊ မိဘပြည်သူအားကစားဝါသနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၏ အားကစားမြှင့်တင်ရေးအပေါ် ငွေအား၊ လူအား အဘက်ဘက်က အားပေးချီးမြှောက်မှုများသည်လည်း မည်သည့်ခေတ် မည်သည့်ကာလနှင့်မျှမတူအောင် တက်ကြွထက်သန်သည်ကို အားရဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဤကဲ့သို့ အဘက်ဘက်က အားပေးချီးမြှောက်ခဲ့ကြသည့်အတွက်လည်း မြန်မာ့အားကစားလက်ရွေးစင်များအားလုံး အားကစားအောင်နိုင်ရေး၏ အခြေခံလိုအပ်ချက်များဖြစ်သည့် အာဟာရပြည့်ဝ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး အားကစားကို စိတ်ချမ်းမြေ့စွာ အာရုံစူးစိုက်လေ့ကျင့်နိုင်မှု၊ ကျွမ်းကျင်သည့်နည်းပြ၊ နည်းစနစ်မှုများနှင့် အချိန်ကိုက်လေ့ကျင့်နိုင်မှု၊ အားကစားနည်းအလိုက် ဦးဆောင်နေသည့် နိုင်ငံများ၌ သွားရောက်လေ့ကျင့်ပြီး နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများရရှိမှု စသည့် အခြေခံကောင်းများ ပြည့်ပြည့်စုံစုံ လေ့ကျင့်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ၏ ပြိုင်ပွဲဝင်ဝတ်စုံ များနှင့် အားကစားပစ္စည်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

### ယဉ်ကျေးပျူငှာစွာနေထိုင်

နိုင်ငံရပ်ခြားကို ရောက်ရှိနေသည့်အခါတွင်လည်း ကျန်းမာကြံ့ခိုင်ပြီး စွမ်းဆောင်ရည် ဆက်လက်မြင့်မားနေစေအောင် စဉ်ဆက်မပြတ် လေ့ကျင့်ရင်း အသင်းအဖွဲ့၊ မိသားစုစိတ်ဓာတ်နှင့် အချင်းချင်းရိုင်းပင်းကူညီရန် အဆင့်ဆင့်စီမံကွပ်ကဲ အုပ်ချုပ်မှုကို ခံယူပြီး စည်းကမ်းနှင့်အညီ သွားလာလှုပ်ရှားကြရန်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာနေထိုင်ကြရန် တစ်ဆက်တည်းမှာကြားလိုကြောင်း။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေး အဘက်ဘက်က ကူညီအားပေးကြသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်၊ စေတနာရှင်ပြည်သူများ၊ အားကစားဝါသနာရှင်များအားလုံးကိုလည်း နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အောင်ပန်းဆင်ပြန်လာမည့် မြန်မာ့အားကစားအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်သည့်အခါတွင်လည်း ယခုလိုပင် ပူးပေါင်း အားပေးသွားကြမည်ဟု ယုံကြည်ပါကြောင်း။

ထို့အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်သည့်အတွက် ယခု(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲကျင်းပပုံနှင့် ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များမှ ရလာမည့်အတွေ့အကြုံများအပေါ် မူတည်ပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာအားကစားအဖွဲ့ဝင်များအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ကိုမြှင့်တင်နိုင်ရေးဆိုသည့် သန္နိဋ္ဌာန်ဖြင့် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြပါ။ သတ်မှတ်စည်းမျဉ်းစည်းကမ်းဘောင်အတွင်း ကနေ အားနှင့်မာန်နှင့် သန့်သန့်ရှင်းရှင်း ပါဝင်ယှဉ်ပြိုင်အနိုင်ယူရင်း နိုင်ငံတော်၏ အောင်လံတလူလူလွင့်ပျံနေအောင် စွမ်းဆောင်သွားကြပါဟု အလေးအနက်တိုက်တွန်းမှာကြားကြောင်းဖြင့် ပြောကြားသည်။

### အလံအပ်နှင်း

ဆက်လက်၍ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီတွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းက မြန်မာအားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကတိပြုစကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ၏ ပြိုင်ပွဲဝင်ဝတ်စုံများနှင့် အားကစားပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ရေကူး/ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့်စနူကာ၊ လက်ဝှေ့၊ လှေလှော်၊ စစ်တုရင်၊ စက်ဘီး၊ မြင်းစီး၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဂျူဒို၊ ကရာတေးဒို၊ ပန်ကြပ်ဆီလတ်၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ နပန်း၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး စသည့်အားကစားနည်း ၂၇ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

## ပခုက္ကူခရိုင်အတွင်း ရေဘေးသင့်ဒေသအသီးသီးတွင် တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂

**ပခုက္ကူတပ်နယ်နှင့် မုံရွာတပ်နယ်တို့မှ တပ်မတော်သားများသည် နိုဝင်ဘာ ၁ ရက်တွင် ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်မှ ရေဘေးသင့်အိမ်ထောင်စုများအား ပြန်လည်နေရာချထားပေးမည့် ပခုက္ကူမြို့ ကျွဲတဲကျေးရွာအုပ်စု စွန်သိုက်ရွာသစ်ကွင်းရှိ အိမ်ရာစခန်း၌ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း လူနေအိမ်သုံးလုံး ဆောက်လုပ်ခြင်း၊ လမ်းမီးတိုင်များ စိုက်ထူခြင်း၊ ပေ (၂၀ × ၄၀) မြေကွက်များတွင် ခြံစည်းရိုးတိုင်ထောင်ခြင်း၊ အိမ်သာဆောက်လုပ်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။**

အဆိုပါ အိမ်ရာစခန်းတွင် နေအိမ်ဆုံးရှုံးသွားသော ရေဘေးသင့်ပြည်သူများအတွက် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်အလုံး ၃၅၀ကို Yangon Crown ကုမ္ပဏီလီမိတက်က လည်းကောင်း၊ လေးလက်မ စက်ရေတွင်း တစ်တွင်း၊ ဂါလန် ၁၆၀၀ ဆံ့ရေစင်နှင့် ဂါလန် ၂၀၀၀ ဆံ့ ရေကန်ငါးလုံး အပါအဝင် ရေတိုင် ၃၀ တို့ကို နယ်စပ်ရေးရာဝန်ကြီးဌာနက လည်းကောင်း၊ အိမ်ခြံစည်းရိုးကာရံခြင်းနှင့် ရေလောင်းအိမ်သာများကို ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလည်းကောင်း အသီးသီးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

### ပြန်လည်ပြုပြင်

ထို့အပြင် ပခုက္ကူတပ်နယ်မှ တပ်မတော်သားများသည် ရေပြာကျေးရွာနှင့် တပ်ကုန်းကျေးရွာတို့တွင် ဘုန်းတော်ကြီးကျောင်းသွားလမ်းပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်အသစ်များ ပြန်လည်စိုက်ထူခြင်း၊ ပျက်စီးသွားသော လူနေအိမ်များအား ပြုပြင်ခြင်း၊ နေအိမ်အသစ်များ ဆောက်လုပ်ခြင်း၊ မုံရွာတပ်နယ်မှ တပ်မတော်သားများသည် ချိုက်ကျေးရွာ၊ ချောင်းနားကျေးရွာများတွင် ကျေးရွာတွင်းလမ်းမှ နုန်းမြေများ ဆက်လက်ဖယ်ရှားခြင်း၊ လူနေအိမ်များမှ နုန်းမြေများဖယ်ရှားခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဝါဇီလေးကျေးရွာပြောင်းရွှေ့မည့် မြေနေရာသစ်ကို ရှင်းလင်းတိုင်းထွာခြင်း၊ မကွေးတပ်နယ်မှ တပ်မတော်သားများသည် အရှေ့ကဘိုင်ကျေးရွာ၊ အရှေ့ကန်တွင်းကျေးရွာ၊ ဆင်လန်းချောင်းကျေးရွာ၊ တောင်ရွာမကျေးရွာတို့တွင် သောက်သုံးရေအတွက် ရေတွင်းများဆယ်တင်ခြင်း၊ ဘုန်းတော်ကြီးကျောင်းသွား လမ်းပြုပြင်ခြင်း၊ ပျက်စီးသွားသည့် လူနေအိမ်များ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ မိတ္ထီလာတပ်နယ်မှ တပ်မတော်သားများသည်လည်း အနောက်ကမ်းဖြူ၊ ကျားဘော၊ ဆိုက်ခမ်း၊ ဆားလောက်၊ ဘဲကျ၊ ကျားကွဲ၊ သံပုရာပင်၊ မြောက်ရွာမ ကျေးရွာများတွင် ဘုန်းတော်ကြီးကျောင်းသွား လမ်းများပြုပြင်ခြင်း၊ ရွာပတ်လမ်းမှ နုန်းများ၊ အမှိုက်များ ရှင်းလင်းခြင်း၊ ကျေးရွာစာသင်ကျောင်းရှိ အိမ်သာများ ပြုပြင်ခြင်း၊ သောက်သုံးရေအတွက် ရေတွင်းများ ပြန်လည်ဆယ်တင်ခြင်း၊ ရေသန့်ဆေးခတ်ခြင်း၊ ရွှေဘိုတပ်နယ်မှ တပ်မတော်သားများသည် သဖန်းတောက်၊ ကင်ပွန်းတောက်၊ ကိုးရွာ၊ ကျွန်းရင်း၊ အင်းကန်၊ လယ်သာဝ ကျေးရွာများတွင် ရွာတွင်းလမ်းများမှ ရွှံ့ညွန်များ ဆက်လက်ဖယ်ရှားခြင်း၊ မြေညှိခြင်း၊ ရေတွင်းများ ပြန်လည်ဆယ်တင်ခြင်း၊ ရေသန့်ဆေးခတ်ခြင်း၊ ယိုင်လဲပျက်စီးနေသည့် နေအိမ်များအား ပြန်လည်ပြုပြင်ခြင်း၊ အိမ်သာများ တည်ဆောက်ခြင်း၊ အရာတော်တပ်နယ်မှ တပ်မတော်သားများသည် ပင်တလဲကျေးရွာတွင် ဘုန်းတော်ကြီး ကျောင်းသွားလမ်းမှ ရွှံ့ညွန်များ၊ အမှိုက်များ၊ လဲကျနေသော သစ်ပင်များ ရှင်းလင်းဖယ်ရှားခြင်း၊ ဘုန်းတော်ကြီး ကျောင်းဝင်းမှ ရွှံ့ညွန်များအား ဖယ်ရှားသန့်စင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပခုက္ကူတပ်နယ်နှင့် မုံရွာတပ်နယ်တို့မှ တပ်မတော်သားများ ရေဘေးသင့်အိမ်ထောင်စုများအား ပြန်လည်နေရာချထားပေးမည့် ပခုက္ကူမြို့ ကျွဲတဲကျေးရွာအုပ်စု စွန်သိုက်ရွာသစ် ကွင်းရှိ အိမ်ရာ စခန်း၌ လူနေ အိမ်များ ဆောက်လုပ်ပေးစဉ်။(သတင်းစဉ်)

## မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများ မြန်မာ့လက်ရွေးစင် ကရာတေးဒိုနှင့် တိုက်ကွမ်ဒို ကစားသမားများအား တွေ့ဆုံကာ ထောက်ပံ့လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ ကရာတေးဒိုနှင့် တိုက်ကွမ်ဒို အားကစားနည်းများ၏ တာဝန်ခံနာယက ဒေါ်ခင်မစိုးနှင့် နာယကအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါ်မြမြဝင်း၊ ဒေါ်ခင်မာနွယ်၊ ဒေါ်အမာနှင့် ဒေါ်ဥမ္မာလွင် (M.D Long Luck Co., Ltd.)၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အမှုဆောင်အဖွဲ့ဝင်များသည် ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းများသို့ သွားရောက်ကာ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအား အောင်မြင်မှုဆုတံဆိပ်များ ရရှိနိုင်ရေးအတွက် အားပေးစကား ပြောကြားကြသည်။

ထို့နောက် တာဝန်ခံနာယက ဒေါ်ခင်မစိုးနှင့် နာယကအဖွဲ့ဝင်များက ကရာတေးဒိုနှင့်တိုက်ကွမ်ဒို အားကစားသမားများအား အင်အားဖြည့်အစားအသောက်များ ဖြည့်စွက်စားသောက်ရန် ထောက်ပံ့ငွေကျပ် ၈၅၀၀၀၀နှင့် အမေရိကန်ဒေါ်လာ ၅၀၀၊ BRANDS ကြက်ပေါင်းရည်ဘူး ၅၀ စီတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)မှ စုပေါင်းလှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းဆယ်သိန်းကျောင်းတိုက်၌ ကျင်းပရာ အသင်းသား၊ အသင်းသူ မိသားစုများ တက်ရောက်ကြပြီး အလှူငွေများလှူဒါန်းကြကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



**အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တော်အနီး ပြုလုပ်ခဲ့သော ဒုံးကျည် ပစ်ခတ်မှုဆိုင်ရာ စစ်ရေး လေ့ကျင့်မှု တစ်ခုတွင် အစ္စရေး ကာကွယ်ရေး တပ်ဖွဲ့(အိုင်ဒီအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦး ပါဝင် ဆင်နွှဲလျက်ရှိသည်ကို တွေ့ရစဉ်။**

# နျူထိပ်ဖူးသယ်ဆောင်နိုင်ပြီး အီရန်ကိုပစ်ခတ်နိုင်သည့် ဂျာရီကိုဒုံးကျည် အစ္စရေးစမ်းသပ်ပစ်ခတ်

**ဂျေရုဆလင် နိုဝင်ဘာ ၂**

နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်ပြီး အီရန်နိုင်ငံအား ပစ်ခတ်တိုက်ခိုက်နိုင်သည့် ဒုံးကျည်တစ်စင်းကို အစ္စရေးနိုင်ငံက အောက်တိုဘာ ၂ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ နေရာဌာနများအား စစ်ရေးအရတိုက်ခိုက်ရန် အစ္စရေးခေါင်းဆောင်ပိုင်းက ကြံရွယ်နေခြင်း ရှိ၊ မရှိ ဆွေးနွေးငြင်းခုံမှုများပေါ်ပေါက်နေစဉ်အတွင်း အစ္စရေးနိုင်ငံက ယခုကဲ့သို့ ဒုံးကျည်စမ်းသပ်မှုလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

စစ်ဆင်ရေးဆိုင်ရာ အခက်အခဲများနှင့် အီရန်၏ လက်တုံ့ပြန်တိုက်ခိုက်မှုတို့အား ရင်ဆိုင်ရဖွယ်ရှိသော်လည်း ယင်းနိုင်ငံ၏ နျူကလီးယားဆိုင်ရာ နေရာဌာနများကို စစ်ရေးအရ တိုက်ခိုက်ရေးအတွက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက နားချနိုင်ခဲ့ကြောင်း အစ္စရေးနိုင်ငံထုတ် ဟာရက်ဇ်သတင်းစာတွင် ဗုဒ္ဓဟူးနေ့က ဖော်ပြထားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ နေရာဌာနများအား စစ်ရေးအရ တိုက်ခိုက်ရေးနည်းလမ်းကို ကျင့်သုံးရမည့် မူဝါဒ တစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားထားကြောင်း အစ္စရေး ခေါင်းဆောင်များက သတိပေးခဲ့ပြီး ဖြစ်သည်။

**စမ်းသပ်ခဲ့**

ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုဆိုင်ရာ သတင်းအချက်အလက်များအား အစ္စရေးစစ်ဘက်က အသေးစိတ်ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ သို့ရာတွင် ပြည်ပသတင်းဌာနများ၏ အဆိုအရ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်ပြီး အီရန်အား ပစ်ခတ်တိုက်ခိုက်နိုင်သည့် ဂျာရီကို အမည်ရှိ တာဝေးပစ်ဒုံးကျည်ကို အစ္စရေး စစ်ဘက်က စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နျူကလီးယားလက်နက်များ တည်ဆောက်ရန် ကြံစည်အားထုတ်နေကြောင်း စွပ်စွဲခံထားရသည့် အီရန်နိုင်ငံကို အဓိက အန္တရာယ်အဖြစ် အစ္စရေးနိုင်ငံက သတ်မှတ်ထားသည်။

အင်တာနက်။

# ပရဟိတအကျိုး သယ်ပိုးသူများကို ကာကွယ်ပေးမည့်ဥပဒေ တရုတ်နိုင်ငံ မြို့ကြီးတစ်မြို့၌ ပြဋ္ဌာန်းရန် ကြိုးပမ်း

ရှန်ကျင့် နိုဝင်ဘာ ၂

**ရင်းနှီးကျွမ်းဝင်မှုမရှိသော်လည်း ဒုက္ခရောက်သူကို ကူညီပေးခဲ့သူများအား တရားတဘောင် ရင်ဆိုင်ရမည့်အဖြစ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်ရှိ ရှန်ကျင့်မြို့တော် အာဏာပိုင်များက သုံးသပ်လျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။**

ပြီးခဲ့သည့်လက ကွမ်တုန်ပြည်နယ်၌ပင် တည်ရှိသော ဖိုရှန်မြို့၌ နှစ်နှစ်အရွယ်မိန်းကလေးတစ်ဦး ယာဉ်တိုက်ခံခဲ့ရသော်လည်း လမ်းသွားလမ်းလာများက လျစ်လျူရှုခဲ့မှုကြောင့် သေဆုံးခဲ့ရပြီးနောက်ပိုင်း အထက်ပါဥပဒေမျိုး ပြဋ္ဌာန်းနိုင်ရေးအတွက် တောင်းဆိုမှုများ တရုတ်နိုင်ငံအတွင်း ပေါ်ပေါက်ခဲ့ရသည်။

**ဘာသိဘာသာ**

ယူယူအမည်ရှိ မိန်းကလေးငယ်သည် မော်တော်ယာဉ်ဖြင့် နှစ်ကြိမ်တိုင်တိုင် အတိုက်ခံခဲ့ရခြင်းကြောင့် လမ်းမပေါ်၌ သတိလစ်မေ့မြောနေခဲ့သော်လည်း လမ်းသွားလမ်းလာ အနည်းဆုံး ၁၈ ဦးတို့က ဘာသိဘာသာပင် ဖြတ်ကျော်သွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် တရုတ်နိုင်ငံ တစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားခဲ့ရပြီး နိုင်ငံ၏ လူ့ကျင့်ဝတ်အခြေအနေအား ပြန်လည်စိစစ်သုံးသပ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

**အတ္တပိုဆန်လာ**

စီစီတီဗွီဖြင့် မှတ်တမ်းတင်နိုင်ခဲ့သော အဆိုပါဖြစ်ရပ်ကို ကြည့်ရှုခဲ့ကြသူ တရုတ်နိုင်ငံသား သန်းပေါင်းများစွာတို့က ယင်းဖြစ်စဉ်သည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာခြင်းနှင့် မြို့ကြီးပြကြီးဆန်လာမှုတို့ကြောင့် လူအများ အတ္တပိုဆန်လာကြသည့် လက္ခဏာအား ဖော်ညွှန်းနေကြောင်း သုံးသပ်ဝေဖန်ခဲ့ကြသည်။

ကြိုးပမ်းမှု အရာမထင်ဖြစ်ခဲ့သည့်တိုင် ဒုက္ခရောက်သူအား စိတ်ရင်းစေတနာအမှန်ဖြင့် ကူညီပေးသူများ တရားရင်ဆိုင်ရမည့်အရေးမှ ကင်းလွတ်နိုင်မည့် ဥပဒေကြမ်းကို ရှန်ကျင့်မြို့ အာဏာပိုင်များက ရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဥပဒေမျိုးကို အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် ဩစတြေးလျ စသော အနောက်နိုင်ငံများ၌ ပြဋ္ဌာန်းပြီးဖြစ်၍ တရုတ်နိုင်ငံ၌မူ ပထမဆုံးအကြိမ် ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းမှုဖြစ်သည်။ ပြင်သစ်နိုင်ငံ၌ဆိုလျှင် ဒုက္ခကြုံသူကို တွေ့မြင်ပါလျက် ကူညီခြင်းမရှိခဲ့သူများအား တရားစွဲဆိုနိုင်သည်။

**အင်တာနက်။**



# ကွန်မြူနစ် သူပုန်ဟောင်းများကို နီပေါအစိုးရတပ်ဖွဲ့၌ လက်ခံရန် သဘောတူ

**ခတ္တမန္ဒူ နိုဝင်ဘာ ၂**

နီပေါနိုင်ငံ၌ ကွန်မြူနစ်သူပုန်တပ်ဖွဲ့ဝင်ဟောင်း ထောင်ပေါင်းများစွာအား အစိုးရတပ်ဖွဲ့၌လက်ခံရန် နိုင်ငံရေး ခေါင်းဆောင်များက သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက နိုဝင်ဘာ ၂ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

**အပြီးသတ်ရရှိ**

နီပေါနိုင်ငံ၌ လူပေါင်း ၁၆၀၀၀ ခန့် သေဆုံးခဲ့ရသော ပြည်တွင်းစစ်ပွဲပြီးဆုံးခဲ့ပြီးနောက် ငါးနှစ်အကြာတွင် ငြိမ်းချမ်းရေး သဘောတူချက်တစ်ရပ်ကို နိုင်ငံရေးခေါင်းဆောင်များက နိုဝင်ဘာ ၁ ရက်နှောင်းပိုင်းတွင် အပြီးသတ်ရရှိခဲ့ပြီးဖြစ်သည်။

နီပေါနိုင်ငံ၌ သူပုန်တပ်ဖွဲ့ဝင်ဟောင်း ၁၉၀၀၀ ရှိပြီး ၎င်းတို့၏ အနာဂတ်ဘဝရပ်တည်ချက်ကို သတ်မှတ်နိုင်ရန် နိုင်ငံရေးခေါင်းဆောင်များက အကြိတ်အနယ်ဆွေးနွေးခဲ့ကြသည်။ နီပေါနိုင်ငံ၌ ပြည်တွင်းစစ်ပြီးဆုံးခဲ့ချိန်မှစ၍ ယခုအချိန်အထိ ၎င်းတို့ကို စခန်းများတွင်ထားရှိကာ ထိန်းချုပ်ကန့်သတ်ထားခဲ့သည်။

နီပေါလွှတ်တော်ရှိအမတ်များသည် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိနိုင်ရန် သုံးနှစ်ကြာမျှ ဆွေးနွေးငြင်းခုံခဲ့ကြသည်။

ယခုအခါ သမိုင်းဝင်သဘောတူညီချက်တစ်ရပ်ကို ရရှိလိုက်ကြပြီဖြစ်ရာ နီပေါနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရန် လမ်းပွင့်သွားပြီဖြစ်သည်။ **အင်တာနက်။**

# သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဗီယက်နမ်နှင့် တောင်ကိုရီးယားဆွေးနွေး

**ဟနွိုင်း နိုဝင်ဘာ ၂**

ဗီယက်နမ်-တောင်ကိုရီးယား သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဆဋ္ဌမအကြိမ်ဆွေးနွေးပွဲကို မြို့တော်ဟနွိုင်း၌ နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်လိုက်သည်။

ဗီယက်နမ်နိုင်ငံသည် ဇီဝနည်းပညာ၊ အဆင့်မြင့်နည်းပညာသုံး ပစ္စည်းများ၊ ဆေးဝါးနည်းပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် စွမ်းအင်ကဏ္ဍတို့၌ တောင်ကိုရီးယားနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် လိုလားကြောင်း ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ဗီယက်နမ်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမေဟာက ပြောကြားသည်။ **ဆင်ဟွာ။**



**ပင်လယ်ဓားပြနှိမ်နင်းရေး နိုင်ငံတကာရေတပ်တပ်ဖွဲ့များ ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်ကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# မဒရစ်မြို့လမ်းများပေါ်ဖြတ်ကာ သိုးအုပ်များကို ထိန်းကျောင်းမောင်းခဲ့

**မဒရစ် နိုဝင်ဘာ ၂**

စပိန်နိုင်ငံ၌ သိုးမွေးမြူသူများသည် ရှေးခေတ်ကပင် တည်ရှိခဲ့သော ထုံးတမ်းစဉ်လာရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် မြို့တော်မဒရစ်ရှိ လမ်းများကို ဖြတ်သန်းကာ ၎င်းတို့၏ သိုးအုပ်များကို မောင်းခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

စပိန်နိုင်ငံ၌ သိုးထိန်းများသည် အစဉ်အလာအရပင် ၎င်းတို့၏သိုးများကို စားကျက်လွှန်ခွင့်၊ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ရွှေ့ပြောင်းပိုင်ခွင့်နှင့် သိုးကျောင်းပိုင်ခွင့်တို့ ရရှိခဲ့ကြသည်။

မြို့တော်မဒရစ်သည် ကျေးလက်ဇနပုဒ်အဆင့်မှသည် မြို့တော်အဆင့်အထိ ကူးပြောင်းရောက်ရှိလာခြင်း မရှိမီကပင် တည်ရှိလာခဲ့သော ရပိုင်ခွင့်များအားအသုံးပြုကာ သိုးကောင်ရေ ၅၀၀၀နှင့် ကျွဲနွားကောင်ရေ ၆၀ကို မဒရစ်ရှိ လမ်းများပေါ် ဖြတ်သန်းကာ အောက်တိုဘာ ၃၀ ရက်တွင် ထိန်းကျောင်းခဲ့ကြောင်း သိုးထိန်းများအသင်းဥက္ကဋ္ဌ ယေရှုဂါဇွန်က ပြောကြားသည်။ **အင်တာနက်။**

# လက်နက်ကိုင်အစောင့်များကို ဗြိတိန်ကုန်သင်္ဘောများပေါ် လိုက်ပါခွင့်ပြုမည်

လန်ဒန် နိုဝင်ဘာ ၂

**ဗြိတိန်နိုင်ငံမှ ကုန်သင်္ဘောများသည် ဆိုမာလီနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းအနီးအပါးမှ သွားလာရာ၌ ပင်လယ်ဓားပြအန္တရာယ်မှကာကွယ်နိုင်ရန် လက်နက်ကိုင်အစောင့်အရှောက်များကို သင်္ဘောနှင့်အတူ လိုက်ပါစေရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားသည်။**

ပင်လယ်ဓားပြများသည် ကမ္ဘာတစ်ဝန်းမှ သင်္ဘောများကို ဓားပြတိုက်ကာ ပြန်ပေးရွေးငွေ တောင်းယူလေ့ရှိကြောင်း၊ ပင်လယ်ဓားပြတိုက်သည့်လုပ်ရပ်များမှာ တစ်ကမ္ဘာလုံးကို စော်ကားသည့် လုပ်ရပ်ဖြစ်သည်ဟု မိမိယူဆပြီး နိုင်ငံတကာ ပင်လယ်ဓားပြ နှိမ်နင်းရေးလုပ်ငန်းအတွက် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း ကင်မရွန်းက ဘီဘီစီသတင်းဌာနသို့ အောက်တိုဘာ ၁ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က ပင်လယ်ဓားပြတိုက်ခံရသော သင်္ဘော ၅၃ စင်းအနက် ၄၉ စင်းမှာ ဆိုမာလီပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ အတိုက်ခံရခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံ မှတ်ပုံတင် သင်္ဘောများသည် သင်္ဘောများပေါ်၌ လက်နက်ကိုင်အစောင့်တပ်ဖွဲ့ လိုက်ပါစေခြင်းဖြင့် ဥပဒေအရရော ဘဏ္ဍာရေးအရပါ နောက်ဆက်တွဲ အရှုပ်အထွေးများနှင့် ရင်ဆိုင်ရနိုင်ကြောင်း လန်ဒန်တွင် ထုတ်ဝေသော ဖိုင်နန်ရှယ်တိုင်းစ်သတင်းစာက ရေးသားဖော်ပြသည်။

အာဖရိကဦးချိုဒေသအနီး၌ သင်္ဘောများပြန်ပေးဆွဲခံရသည့်ဖြစ်ရပ်များသည် ကမ္ဘာ့နိုင်ငံများအတွက် ခေါင်းခဲစရာ ပြဿနာတစ်ရပ်ဖြစ်ကြောင်း ကင်မရွန်းက ပြောကြားသည်။

**အင်တာနက်။**

# အကိုက်အခဲပျောက်ဆေး အလွဲသုံးမှုကြောင့် သေဆုံးရသူများ အမေရိကန်တွင် သုံးဆတိုးလာ

**အတ္တလန္တာ နိုဝင်ဘာ ၂**

အာနိသင်ပြင်းထန်သော အကိုက်အခဲပျောက်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၏ အကျိုးဆက်အဖြစ် အသက်ပါဆုံးရှုံးခဲ့ရသူ အမေရိကန်နိုင်ငံသား အရေအတွက်သည် ဆယ်စုနှစ်တစ်စုအတွင်း သုံးဆမြင့်တက်လာကြောင်း နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်သော အစိုးရအစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ဆေးပညာရှင်များ၏ ညွှန်ကြားချက်အရသာ သုံးစွဲရသည့် အောက်စီကွန်တင် (oxycontin)၊ ဗီကိုဒင်း(Vicodin) နှင့် မီသာဒုန်း (Methadone) ကဲ့သို့သော အကိုက်အခဲပျောက်ဆေးများအား လိုအပ်သည်ထက် ပိုမိုသုံးစွဲမှုကြောင့် ၂၀၀၈ ခုနှစ်အတွင်း အမေရိကန်နိုင်ငံသား ၁၅၀၀၀ နီးပါး သေဆုံးခဲ့ရသည်။

၁၉၉၉ ခုနှစ်တွင် ယင်းဆေးဝါးများကို အလွဲသုံးမှုကြောင့် အမေရိကန်နိုင်ငံသား ၄၀၀၀ မျှ သေဆုံးခဲ့ရသည်။

အသက်(၁၂)နှစ်နှင့်အထက် အမေရိကန်လူငယ် ၅ ရာခိုင်နှုန်းသည် အကိုက်အခဲပျောက်ဆေးများကို မူးယစ်ဆေးဝါးအဖြစ် အလွဲသုံးခဲ့ကြကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

**အင်တာနက်။**

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လွိုင်ကော်မြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များလှူဒါန်း
## ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ကယားပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီတွင် လွိုင်ကော်မြို့နယ်အတွင်း ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဘေးသင့်ခံရသည့် ချိကယ်ကျေးရွာမှ ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသော ချိကယ်ကျေးရွာ ရန်ကြီးအောင်ဓမ္မာရုံသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများအတွက် ဆန် ၁၀ အိတ်ကို ပေးအပ်လှူဒါန်းသည်။**

ဆက်လက်၍ ကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့်ဆန်အိတ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်မေစိုးက ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီကယ်ဆယ်ရေးစခန်း၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် World Vision တို့ပူးပေါင်း၍ ရေဘေးသင့်ဒေသမှ ကလေးငယ်များအား ထိန်းသိမ်းစောင့်ရှောက်နေမှု၊ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများ၌ စနစ်တကျနေရာချထားစီစဉ်ဆောင်ရွက်ပေးမှုနှင့် ရေကြီးနစ်မြုပ်နေသည့်ဒေသတို့ကို လှည့်လည်ကြည့်ရှုပြီး ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့်အတူ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိသားစုတစ်စုချင်းမှသည် ကျေးရွာ၊ ကျေးရွာမှသည် ပြည်နယ်/တိုင်းဒေသကြီး စသည်ဖြင့် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မသို့ အဆင့်ဆင့်တိုးတက်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ချေးငွေများကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်နိုင်မည့် လုပ်ငန်းများတွင် ထိထိရောက်ရောက်အသုံးပြုနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ကယားပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Sky Net ရုပ်သံဖမ်းစက်နှစ်စုံကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လွိုင်ကော်မြို့နယ် ချိကယ်ကျေးရွာမှ ပြည်သူများအတွက် ဆန် ၁၀ အိတ် ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အိန္ဒိယသမ္မတနိုင်ငံ Indo-Myanmar Chamber of Commerce and Industry, President Mr. G L Goenka နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် အိန္ဒိယညွှေ့အဖွဲ့ တွေ့ဆုံ
## ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အိန္ဒိယသမ္မတနိုင်ငံ Indo- Myanmar Chamber of Commerce and Industry, President Mr. G L Goenka နှင့် အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သစ်တောစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာဦးအောင်သန်း ဦးဆောင်သောအဖွဲ့ဝင် ၄၆ ဦးပါအဖွဲ့ အောက်တိုဘာ ၂၃ ရက်က လှိုင်သာယာမြို့နယ် အောင်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ လူပုဂ္ဂိုလ် ၈၁၇ ဦးတို့အား သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများစစ်ဆေးကုသပေးပြီး ပညာပေးဟောပြောစဉ်။** (ကြေးမုံ)



# မြင်းခြံလမ်းဆုံမှ အမြန်လမ်းမကြီးပေါ် တက်နိုင်ပြီ

**နွားထိုးကြီး နိုဝင်ဘာ ၂**

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို နွားထိုးကြီးမြို့နယ် မြင်းခြံလမ်းဆုံမှ ဒေသခံကားများ အသုံးပြုနိုင်ရန် အဝင်/အထွက် လမ်းများ ပြင်ဆင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

ပြင်စည်ကျေးရွာအနီး မြင်းခြံလမ်းဆုံတွင် အမြန်လမ်းမကြီး အဝင်/အထွက်လမ်းများကို မြေသားလမ်းအဖြစ် စတင်ပြုပြင်လျက်ရှိသည်။ ယခု လက်ရှိတွင် နေပြည်တော်-မန္တလေးလမ်းပိုင်း၌ လမ်းဆုံငါးခု ရှိပြီဖြစ်သည်။ (၉၅)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၃-၁၁-၂၀၁၁ (ကြာသပတေးနေ့)**
**[၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ (ဥပုသ်နေ့)]**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ အကပဒေသာ
- ၈း၁၅ ၈။ “အဲဒီမှာစတွေ့တာပဲ”
- ၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၄၀ ၁၀။ **International News**
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချိုတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၄၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၈။ “အသိစိတ်ကလေး အရင်းတည်၍”
- ၅း၂၀ ၉။ “ပန်းကန်နှင့်ကြွေပြားစက်ရုံ” (သာယာဝတီ)
- ၅း၃၅ ၁၀။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
- ၅း၅၀ ၁၁။ မှုပာန်သွယ်သွယ်ဆိုကြမယ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ **ပျော်ရွှင်စေသောနေ့ရက်များ “အချစ်ကော်ဖီ”(အပိုင်း-၇၃) (ဇာတ်သိမ်း)**
- ၆း၄၀ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်နဲ့အမုန်း” (ဒုတိယပိုင်း) (အပိုင်း-၂)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ အစာလည်းဆေး ဆေးလည်းအစာ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေးနောက်ဆုံးချစ်ပုံပြင်” (ဒုတိယတွဲ) (အပိုင်း-၁၄)**
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး” (အပိုင်း-၄)**
- ၂၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၄။ အစီအစဉ်ပြီး၏။


# အန္တရာယ်ကြီးမား မူးယစ်ဆေးဝါး

- ✱ ကမ္ဘာတစ်ဝန်း ဘိန်း၊ ဘိန်းဖြူ ဘိန်းဆီ၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးသုံးစွဲမှု များ များပြားလာနေသည်။
- ✱ ဓာတုဗေဒပစ္စည်းများကို အခြေခံထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများကိုလည်း ကမ္ဘာအနှံ့ ပျံ့နှံ့သုံးစွဲသူ များပြားနေသည်။
- ✱ အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးများ အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ရောက်ရှိသုံးစွဲနေကြရာ အန္တရာယ်ကြီးမားလှသည်။
- ✱ မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူ၊ ထုတ်လုပ်ရောင်းဝယ်သူအားလုံးနှင့် ဆက်စပ်လျက်ရှိရာ စီးပွားရေး၊ လူမှုရေးများ ထိခိုက်စေသည်။
- ✱ မူးယစ်ဆေးဝါးသည် သုံးစွဲသူ၏ လူနေမှုဘဝကို ညစ်နွမ်းစေသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ ထိခိုက်ပျက်စီးဆုံးရှုံးစေသည်။

**ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်**
**ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**


# သဃ်န်းကျွန်းစစ်မှုထမ်းဟောင်း ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ချီးမြှင့်သော ၂၀၁၁ ခုနှစ် (၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် မူလတန်းမှ တက္ကသိုလ်ထိ ပညာသင်ကြားနေကြသော အဖွဲ့ဝင် သားသမီးများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက်က သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးဝင်းတင့်(ငြိမ်း) က အမှာစကားပြောကြားပြီး အသက် (၇၅) နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးကြီး အောင်သန်း(ငြိမ်း)အား ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀ နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုထောက်ပံ့ငွေ စုစုပေါင်း ကျပ် ၅၂၀၀၀၀ အား ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)** (၅၀၆)



# အလိမ္မာ စာဖှာရှိ

# သနားစရာ ငါးသတ္တဝါ

## ကိုတင့်ဝါ(မဟာမစ္ဆဗေဒ)

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲခြင်း၊ ရေစီးကြောင်းများ ပြောင်းလဲလာခြင်း၊ ရေကြီးရေလျှံခြင်း၊ ကုန်းတွင်းပိုင်းရေချိုဒေသသို့ ရေငန်ဝင်ရောက်မှုများ များပြားလာခြင်း၊ ရေချိုရရှိမှု နည်းပါးခြင်းကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ ထိခိုက်လာကာ ရေနေသတ္တဝါများတွင် ငါးနေ ငါးထိုင် ပျက်ပြားခြင်း၊ ရေစီးရေလာနှင့် ငါးတက်၊ ငါးဆင်းလမ်းကြောင်းများ ပျက်ယွင်းလာခြင်း၊ ငါးများ နေထိုင်ခိုအောင်း ပေါက်ပွားကြီးပြင်းရာရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်များ (habitat)တွင် ငါးစာပြင် (feeding ground)များ ဆုတ်ယုတ်လာခြင်း စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။

ရေနေသတ္တဝါများသည် ၎င်းတို့၏ ဘဝစက်ဝန်း တစ်လျှောက် အစာအတွက်ရွှေ့ပြောင်းခြင်း (feeding migration)၊ မျိုးပွားရန်အတွက်ရွှေ့ပြောင်းခြင်း (spawning migration)နှင့် ဆောင်းခိုရန်ရွှေ့ပြောင်းခြင်း (over wintering migration) စသည့် ရွှေ့ပြောင်းခြင်း သုံးရပ်ဖြင့် နေထိုင်ကျက်စားလေ့ရှိရာ ငါးတို့၏ သဘာဝအခြေအနေကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိထားမှသာလျှင် ငါးဖမ်းဆီးခြင်းလုပ်ငန်း၌ ငါးအထိ၊ အမိ ပိုမိုလာနိုင်မည်ဖြစ်သည်။

မိုးနှောင်းရာသီ (post monsoon) ဖြစ်သော (ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလ) များတွင် ဆောင်းဦးရာသီကို ကူးပြောင်းရောက်ရှိတော့မည်ဖြစ်ကြောင်း ရေသတ္တဝါများက သဘာဝအသိမှရရှိသဖြင့် အုပ်စုလိုက်နေတတ်သော ငါးမျိုးစိတ်အချို့သည် ဆောင်းခိုရန် ရွှေ့ပြောင်းခြင်းကို စတင်ပြီဖြစ်သည်။

ထိုသို့ ရွှေ့ပြောင်းခြင်းဆောင်ရွက်ရာ၌ အချို့ငါးမျိုးများသည် ရေချိုတွင်လည်းကောင်း၊ အချို့မှာ ရေချိုဒေသမှ ရေချို/ရေငန်စပ်ဒေသသို့လည်းကောင်း၊ ရေငန်မှ ရေချိုသို့လည်းကောင်း စုန်ဆင်း ဆန်တက်ခြင်း၊ ရေစီးကြောင်းနှင့်အတူ မျောပါခြင်း အလေ့အထအမျိုးမျိုး ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ချောင်းအတွင်း အုပ်စုလိုက်နေထိုင်တတ်သော ငါးစင်ရိုင်းများ ရေပေါ်ဆန်တက်ကူးခတ်မှု သတင်းဖြစ်စဉ်သည် ငါးတို့၏သဘာဝ နေထိုင်ကျက်စားရင်း ၎င်းကြုံကြိုက်နှစ်သက်မှုမရှိသော သဘာဝ ဝန်းကျင်ကို ရင်ဆိုင်ရချိန်နှင့် တိုက်ဆိုင်မှုပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဒီရေအတက်အကျရှိသော ပုဇွန်တောင်ချောင်းတွင် ပတ်ဝန်းကျင်မြို့ပြ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် စွန့်ပစ်ပစ္စည်းများပြားခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် မြို့ပြလူနေမှုစနစ်ကြောင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်ပြီး ရေစစ်ချိန် (ရေအကျဆုံးအချိန်) ဖြစ်ခြင်း၊ မြို့ပြစွန့်ပစ်ပစ္စည်းများကြောင့် အနည်ကျရွှံ့ညွန်များပြားပြီး ရေသတ္တဝါများ နေထိုင်ကျက်စားရန် ရေလွှာ၊ ရေထုနည်းပါးလာခြင်း၊ ရွှံ့ညွန်များကြောင့် ရေနောက်ကျိမှု များပြားခြင်းများ ဖြစ်ပေါ်ကာ ငါးများ၏ ရွှေ့ပြောင်းရာလမ်းကြောင်းတွင် အဟန့်အတားဖြစ်ပေါ်ခဲ့ရကြောင်း တွေ့ရှိရသည်။

ငါးများသည် အပူချိန်ရုတ်တရက်ပြောင်းလဲခြင်း၊ ရေ၏ ချဉ်ဖန်နှုန်း(pH) ရုတ်ခြည်းပြောင်းလဲခြင်း ဒဏ်ကို ခံနိုင်ရည်မရှိပါ။ ထို့အတူ ရေထုညစ်ညမ်းခြင်းကြောင့် ရေတွင် အောက်ဆီဂျင်ပျော်ဝင်မှု နည်းပါးခြင်း၊ အောက်ဆီဂျင်ပြတ်တောက်ခြင်းကို ခံနိုင်ရည်မရှိပါ။ ရေထဲတွင် ပျော်ဝင်နေသော အောက်ဆီဂျင်ကို ပါးဟက်မျှင်များမှတစ်ဆင့် စုပ်ယူကြရာတွင် ရေနောက်ကျိမှု၊ ရေထုညစ်ညမ်းမှုကြောင့် ရေစစ်(filter)ကဲ့သို့ ဖြစ်သော ပါးဟက်မျှင်များတွင် ပိတ်ဆို့မှုဖြစ်ပွားကာ အသက်ရှင်သန်ရပ်တည်ရန် ပိုမိုခက်ခဲစွာ ရုန်းကန်ရလေ့ရှိသည်။

ပုဇွန်တောင်ချောင်းတွင် အုပ်စုလိုက် ရေပေါ်မျောပါနေသော ငါးစင်ရိုင်းအုပ်သည် သာမန်ထက် ပိုမိုပူပြင်းသော နေအပူရှိန်ကြောင့် ရေအပူချိန်မြင့်တက်မှုကို ရုတ်တရက်ကြုံတွေ့ရသဖြင့်လည်းကောင်း၊ ငါးစင်ရိုင်း အများဆုံးတွေ့ရှိရခြင်းမှာ ရေပေါ်လွှာနေထိုင်ကျက်စား ငါးဖြစ်ခြင်း၊ အုပ်စုလိုက်ရွှေ့ပြောင်းနေထိုင်တတ်ခြင်း၊ အောက်ဆီဂျင် ပြတ်တောက်ချိန်တွင် သိုလှောင်အောက်ဆီဂျင် ( air bladder )ပမာဏ သေးငယ်ခြင်းကြောင့်လည်းကောင်း ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သုံးသပ်ထားသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်ကဲ့သို့ အလားတူဖြစ်ရပ် ၂၀၀၅ ခုနှစ်တွင် သုံးခွမြို့နယ် သောက်ရေကန်၌ ငါးများ နေ့စဉ်သေဆုံးမှု ဖြစ်ပွားခဲ့ခြင်းကို ငါးလုပ်ငန်းဦးစီးဌာနမှ ရေ/မြေ စစ်ဆေးဆောင်ရွက်ခဲ့ရာ လွန်ခဲ့သော (၃၅)နှစ်တာ ကာလကပင် ကန်ပြန်ဆယ်တင်မှုမရှိခြင်း၊ ရေကန်အနီး စိုက်ပျိုးထားသော သစ်ပင်များမှ ရွက်ကြွေများ ကန်အတွင်း ကျရောက်၍ ဖက်ဆိုးရေအဖြစ် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှု များပြားခြင်းကြောင့် တီလားဗီးယား၊ ငါးခူ၊ ငါးရံ့ကဲ့သို့ ငါးမျိုးများ သေဆုံးကြောင်း၊ အဆိုပါ ရွက်ပုပ်ရွှံ့ညွန်များကို ဖယ်ရှားလိုက်မှသာ ရေထုညစ်ညမ်းမှု မရှိဘဲ ငါးသေဆုံးမှုမရှိတော့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် ရှေးယခင်က ငါးဖမ်းဆီးရာတွင် ငါးများမူးမော်ထိုင်းမှိုင်းစေသည့် ထုံး၊ ပုံလုံသီး၊ ကျည်းခေါက်၊ မဟာဂါကဲ့သို့သော သဘာဝထွက်ပစ္စည်းများ ရေတွင် ပျံ့နှံ့စိမ့်ဝင်စေခြင်းဖြင့် ငါးဖမ်းခြင်း၊ အင်ဒရင်း၊ ဝါဆေးရည်၊ မာလာသီယွန်ကဲ့သို့သော ငါးများ သေကျေပျက်စီးစေနိုင်သည့် ဓာတုဗေဒပစ္စည်းများ ရေတွင်ပျံ့နှံ့စီးဆင်းစေခြင်းဖြင့် ငါးဖမ်းခြင်းများကို ဆောင်ရွက်ခဲ့ကြသော်လည်း မြစ်ချောင်း၊ အင်းအိုင်များကို မှီခိုနေသည့် ပတ်ဝန်းကျင်လူထု၊ ကျွဲ၊ နွား၊ သားငှက်ထိခိုက်မှုရှိသဖြင့် တရားမဝင်နည်းလမ်းများအဖြစ် သတ်မှတ်ကာ ဥပဒေဖြင့် ကာကွယ်ပေးခဲ့ခြင်း၊ ပြစ်မှုကျူးလွန်သူများကို အရေးယူခြင်း ဆောင်ရွက်ခဲ့သဖြင့် ယခင်ကလေ့ထုံးစံ ဆေးချငါးဖမ်းနည်း ပပျောက်လျော့နည်းသွားပြီဖြစ်သည်။

ထိုကဲ့သို့ အဆိပ်ချခြင်းဖြင့် အဆိပ်မိငါးများသည် အုပ်စုအလိုက် နေထိုင်နိုင်စွမ်းမရှိတော့ခြင်း၊ ဆောက်တည်ရာမဲ့ ဦးခေါင်းအောက်စိုက်၍ ဆန်ကောဝိုင်းကဲ့သို့ လည်နေတတ်ခြင်း၊ ရှင်သန်ရပ်တည်နိုင်စွမ်းနည်းပါး၍ အချိန်တိုအတွင်း သေဆုံးတတ်ခြင်း၊ မိနစ်ပိုင်းမျှဖြင့် ပုပ်သိုးဆွေးမြည့်လွယ်ခြင်း၊ ၎င်းဝန်းကျင်တွင် ရေပျော်ငှက်တို့ ဝဲပျံနေတတ်ခြင်း၊ စားသုံးပါက ငှက်များပင် သေကျေတတ်ခြင်း ဖြစ်ပေါ်လေ့ရှိရာ ယခုငါးစင်ရိုင်းများရင်ဆိုင်ရသည့် အဟန့်အတားနှင့် ကွဲလွဲလျက်ရှိကြောင်း တွေ့ရှိရသည်။

ပုဇွန်တောင်ချောင်းတွင် ငါးစင်ရိုင်းအုပ်စုများ ရေပေါ်ဆန်တက်နေခြင်းသည် ရွှေ့ပြောင်းခြင်း သုံးမျိုးအနက် ရာသီနှင့်ကိုက်ညီသော ရွှေ့ပြောင်းခြင်းကို ဆောင်ရွက်ရင်း ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝပတ်ဝန်းကျင်ရေထုညစ်ညမ်းမှု၊ အောက်ဆီဂျင် ပြတ်တောက်မှုများကြောင့် အရင်းခံဖြစ်ကြောင်း တွေ့ရှိရသည်။

ပတ်ဝန်းကျင်ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရန်နှင့် ရေနေသတ္တဝါများ အသက်ရှင်သန်ရေးအတွက် ၎င်းတို့အားထားရာ ရေတွင်ပျော်ဝင်သည့် အောက်ဆီဂျင် ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ရာ မြို့ပြနေပြည်သူများက စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းဖြင့်လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများက စွန့်ပစ်ပစ္စည်းများ၊ ပုပ်သိုးလွယ်စွန့်ပယ်ပစ္စည်းများ၊ ပလတ်စတစ်၊ ဖော့ပုံးကဲ့သို့သော ပစ္စည်းများကို ကမ်းတွင်းနှင့် ရေတွင်စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့်လည်းကောင်း၊ လောင်စာဆီသုံး ရေယာဉ်များနှင့် ဓာတ်ငွေ့သုံးစက်ရုံများက ဖိတ်စင်ယိုကျမှုဖြစ်ပေါ်ခြင်းများကို ထိန်းသိမ်းခြင်းအားဖြင့်လည်းကောင်း တာဝန်သိသော၊ တာဝန်ယူတတ်သော အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြခြင်းအားဖြင့် ရေပျော်ငါးကလေးများ၏ကမ္ဘာကို စာနာစိတ်ထား ထိန်းသိမ်းကာကွယ်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။



(၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ၏ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

# (၃၇)ကြိမ်မြောက် အာဆီယံ - ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ စတင်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ** (The 37th ASEAN-Japan Business Meeting-AJBM) **၏ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။**

အစီအစဉ်အရ (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဂျပန်နိုင်ငံ TAKEDA PHARMACEUTICAL COMPANY LIMITED, President & Chief Executive Officer, Mr. Yasuchika Hasegawa တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အကြိုညှိနှိုင်းကြသည်။

ဆွေးနွေးပွဲကို ယနေ့မှစ၍ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံ - ဂျပန် စီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်း၍ စွမ်းအင်ကဏ္ဍ တိုးတက်ကောင်းမွန်စေရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များက ဆွေးနွေးသွားကြမည်ဖြစ်သည်။ (သတင်းစဉ်)

# မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်များတင်သွင်းရေး ဒုတိယအဆင့်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် မှတ်ပုံတင်သက်တမ်း အနှစ် (၄၀)ကျော်ယာဉ်များဖြစ်သည့် “စ၊ ဆ၊ ဇ” အက္ခရာယာဉ်များအား စက်တင်ဘာ ၁၉ ရက်မှစတင်၍ ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးကို ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ မှတ်ပုံတင်သက်တမ်း အနှစ်(၃၀)ကျော်မှ (၄၀)ကြားရှိ ယာဉ်များအား ဒုတိယအဆင့်အဖြစ် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ယခင်ကားဟောင်းများအပ်နှံရာတွင် တန်းစီရခြင်း၊ အချိန်ကြာမြင့်သဖြင့် စားသောက်ရေး အခက်အခဲဖြစ်ခြင်း၊ ညအိပ်စောင့်ဆိုင်းရခြင်းစသည့် အခက်အခဲများရှိခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါ အခက်အခဲများ ပြေလျော့စေရန်အတွက် အနှစ်(၃၀) ကျော် (၄၀)အတွင်းရှိ “ ဈ၊ ည ” အက္ခရာယာဉ်များအနက် “ ဈ ” အက္ခရာယာဉ်များအား နိုဝင်ဘာ ၈ ရက်တွင် စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ဆဲဖြစ်သော အနှစ်(၄၀)ကျော် ယာဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကားဟောင်းများအပ်နှံရာတွင် အင်းစိန်(ရွာမ) သံမဏိစက်ရုံနှင့် မြင်းခြံသံမဏိစက်ရုံများတွင်သာ အပ်နှံခြင်းကို လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်ထားသည့်ရုံးများတွင် ဖျက်သိမ်းစာရင်းသွင်းပြီးပါက ယာဉ်အပ်နှံရေးအတွက် အင်းစိန်(ရွာမ)နှင့် မြင်းခြံရှိ အပ်နှံယာဉ်များလက်ခံမည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအဖွဲ့များထံ ကြိုတင်ဆက်သွယ်၍ အခြေအနေ မေးမြန်းရန်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ အင်းစိန်(ရွာမ) ဖုန်း -၀၉-၅၁၄-၅၃၉၅၊ ၀၉-၄၉၅၇၀၇၂၁၊ ၀၉-၅၀၇၁၁၅၂ နှင့် မြင်းခြံ ဖုန်း-၀၉-၂၀၁၁၈၉၀၊ ၀၉-၄၇၁၀၅၃၇၀၊ ၀၉- ၉၁၀၁၉၁၉၀ တို့ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဒသမအကြိမ် စုပေါင်းလှူဒါန်းမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ ဒသမအကြိမ် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၆ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင် ရွှေပေါက်ကံမြို့သစ် (၂၁) ရပ်ကွက် ပုဂံလမ်းမကြီးရှိ အောင်မင်္ဂလာဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအံ့ကျော်(ငြိမ်း) ဖုန်း-၀၉-၅၁၈၅၉၇၂၊ ၅၄၉၃၀၁၊ အတွင်းရေးမှူး ဗိုလ်ကြီးသန်းဌေး(ငြိမ်း) ဖုန်း-၀၉-၅၁၃၇၁၉၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂၊ အသင်းတိုက် ဖုန်း-၂၂၆၅၉၀ တို့သို့ နိုဝင်ဘာ ၃ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်သည်။ နံနက် ၈ နာရီခွဲတွင် ကြိုပို့ယာဉ်တစ်စီးဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပြီး (၄၃) (သုဓမ္မာ၊ ကျုံးကြီး-ရွှေပေါက်ကံ)ကားဖြင့် မော်ကွန်းမှတ်တိုင်ဆင်းရမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဒေါ်အိအိဇင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ငွေပဒေသာပင်အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)



# အင်းလေးကန်ရေပြင်ပေါ်၌ ပထမဆုံး ကျင်းပသည့် အင်းသားဆုံစည်းရာနေ့

**ညောင်ရွှေ နိုဝင်ဘာ ၂**

အင်းလေးကန်ကြီးအား ပိုမိုချစ်ခင်လာစေရန်နှင့် အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်လာစေရန်၊ အင်းသားလူမျိုးတို့၏ ချစ်မြတ်နိုးဖွယ်ကောင်းသော ရိုးရာဓလေ့၊ ထူးခြားသည့် လုပ်ဆောင်မှုများကို ထိန်းသိမ်းမြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အင်းသားဆုံစည်းရာနေ့ကို (တန်ဆောင်မုန်းလဆန်း ၁ ရက်) အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက အင်းလေးကန်ရေလယ် ဉဩ့ရိပ်သာရှေ့၌ ပထမဆုံးအကြိမ် ကျင်းပသည်။

အဆိုပါ အင်းသားဆုံစည်းရာနေ့တွင် အင်းသားရိုးရာ ရာကျော်လှေ အစင်း ၅၀ ကျော်ဖြင့် အလှပြလှော်ခတ်ခြင်း၊ အင်းပေါ်ခုံကျေးရွာ အင်းသားရိုးရာ အကအဖွဲ့မှ အင်းရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြခြင်း၊ တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ (၆၇၃)

# စားသုံးရန်မသင့်သော ဆိုးဆေးများ ပါဝင်သည့် စားသောက်ကုန်များအား မီးရှို့ဖျက်ဆီး

**ရန်ကုန် နိုဝင်ဘာ ၂**

အများပြည်သူစားသုံးရန်မသင့်သော ဓာတုဆိုးဆေးများ ပါဝင်သည့် စားသောက်ကုန်များအား နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေ(ယာယီ)ဈေးအနောက်ရှိ မြေကွက်လပ်တွင် မီးရှို့ဖျက်ဆီးခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန FDA နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးဌာနလက်အောက်ရှိ ဈေးများတွင် ရောင်းချလျက်ရှိသော အစားအသောက်များအား နမူနာယူစစ်ဆေးကြည့်ချက်အရ နေ့စဉ်စားသောက်ကုန်များဖြစ်သော ငရုတ်သီးမှုန့်၊ မျှစ်၊ ငရုတ်ဆီ၊ စိမ်းစားငါးပိ၊ ပဲကြီးလှော်၊ ငါးလေးချဉ်နှင့် ကလေးများ စားသည့် မုန့်တို့တွင် စားသုံးရန်မသင့်သော ဆိုးဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။ စားသုံးရန်မသင့်သည့် ဆိုးဆေးများ ပါဝင်သော စားသောက်ကုန်များကို ဈေးများအတွင်း ရသလောက် သိမ်းဆည်းခဲ့ပြီး တာမွေ(ယာယီ)ဈေးအနောက် မြေကွက်လပ်တွင် စုပေါင်း၍ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းရမိခဲ့သော တားမြစ်ဆိုးဆေးပါ စားသောက်ကုန်များမှာ မင်္ဂလာတောင်ညွန့်ဈေးမှ ငရုတ်သီးမှုန့် သုည ဒသမ ၃ ပိဿာ၊ မျှစ် ၁ ပိဿာ၊ ငရုတ်ဆီ ကိုးထုပ်၊ ရန်ကင်းမြို့မဈေးမှ စိမ်းစားငါးပိ ၁ ပိဿာ၊ သိမ်ကြီးဈေးမှ ပဲကြီးလှော် ၂ ဒသမ ၉ ပိဿာ၊ ကမ်းနားဈေးမှ ငရုတ်သီးမှုန့် သုည ဒသမ ၇ ပိဿာ၊ ပုဇွန်တောင်ဈေးမှ ငရုတ်သီးမှုန့် သုည ဒသမ ၅ ပိဿာနှင့် ပဲကြီးလှော် ၃ ဒသမ ၀၉ ပိဿာ၊ သာကေတ (၁)ဈေးမှ စိမ်းစားငါးပိ ၁ ဒသမ ၈ ပိဿာ၊ နန္ဒဝန်ဈေးမှ ငါးလေးချဉ် သုည ဒသမ ၇၀ ပိဿာ၊ လှိုင်ဈေးကြီးမှ ငရုတ်သီးမှုန့် သုည ဒသမ ၁၅ ပိဿာ၊ စံပြငမိုးရိပ်ဈေးမှ မုန့်ငါး ထုပ်၊ ရတနာသိင်္ဂီဈေးမှ စိမ်းစားငါးပိ ၁ ဒသမ ၂၅ ပိဿာ၊ လှိုင်ဈေးကြီးမှ စိမ်းစားငါးပိ ၃ ဒသမ ၄၅ ပိဿာ၊ ညောင်ပင်လေးဈေးမှ ငရုတ်သီးမှုန့် ၁၈ ဒသမ ၅ ပိဿာတို့ ဖြစ်သည်။



**ဈေးများမှ သိမ်းဆည်းခဲ့သည့် စားသုံးရန်မသင့် ဆိုးဆေးများ ပါဝင်သော စားသောက်ကုန်များကို မဖျက်ဆီးမီ တွေ့ရစဉ်။**

ယခုတစ်ကြိမ် မီးရှို့ဖျက်ဆီးမှုသည် ယခုနှစ်အတွင်းတွင် ဒုတိယအကြိမ်မြောက် အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး ပထမအကြိမ်က စစ်ဆေးသိမ်းဆည်းမိခဲ့သော တားမြစ်ဆိုးဆေးပါ စားသောက်ကုန်များကို ဘုရင့်နောင်ပွဲရုံအနောက်တွင် မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ (၀၀၁)



**မိတ္ထီလာမြို့နယ် ခင်တဲကျေးရွာအုပ်စု ခင်တဲ ကျေးရွာဘုန်းတော်ကြီးကျောင်း၏ အရှေ့ဘက်ဘုရားဝင်းအတွင်း ဂျပန်စစ်သည်လေးဦး၏ အရိုးများကို တူးဖော် ရှာဖွေစဉ်။**

# မိတ္ထီလာတွင် ဂျပန်ပညာရှင်အရိုးကောက်အဖွဲ့ လာရောက်၍ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သည်များ၏ အရိုးများ ရှာဖွေကောက်ယူ

**ကိုတင်လှိုင် (မိတ္ထီလာ)**

မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များ၏ အရိုးများကို ရှာဖွေစုဆောင်းပြီး ဂျပန်နိုင်ငံသို့ ပြန်ပို့ပေးနိုင်ရန်အတွက် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုရေးဝန်ကြီးဌာန စီမံရေးပညာရှင်နှစ်ဦးသည် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာန အမျိုးသားနှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေး)မှ မနုဿဗေဒပညာရှင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်တို့ ပါဝင်သောအဖွဲ့နှင့်အတူ မိတ္ထီလာမြို့သို့ အောက်တိုဘာ ၂၈ ရက်က ရောက်ရှိပြီး မြန်မာနိုင်ငံအရပ်ရပ်မှ စစ်သည် ၉၁၃၉၀ ၏ အရိုးများကို ရှာဖွေကာ ဂျပန်နိုင်ငံသို့ ပြန်ပို့ပေးခဲ့ကြောင်းသိရသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဂျပန်စစ်သည်များ၏ ရုပ်အလောင်းမှ ၄၅၆၁၀ ၏ အရိုးများသာ ကျန်ရှိပြီး ဆက်လက်ရှာဖွေနေသည်ဆို၏။

ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များ၏ အရိုးများကို တိုကျိုမြို့ရှိ CHIDORIGASU CHI ကျဆုံးစစ်သည်များ၏ အရိုးများထားရှိရာ အုတ်ဂူဥယျာဉ်တွင် ကောင်းမွန်စွာထားရှိခဲ့သည် ဆို၏။ မြန်မာနိုင်ငံတွင် မိတ္ထီလာမြို့သည် စစ်၏အချက်အချာကျရာနေရာဖြစ်၍ ဂျပန်တပ်အများအပြား ချထားခဲ့ရာမှ မိတ္ထီလာတွင် စစ်အတွင်း ဂျပန်စစ်သည်အများအပြား ကျဆုံးရာနေရာဖြစ်သည်ဟု ဆိုသည်။

ဂျပန်ပညာရှင် MR MIYASHITA KEN က ဂျပန်စစ်သည်များ နိုင်ငံအသီးသီးတွင် ကျဆုံးခဲ့သော်လည်း အချို့နိုင်ငံများက ဝင်ခွင့်မပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်မူ အရိုးကောက်အဖွဲ့ကို ဝင်ခွင့်ပေးရုံမက နိုင်ငံတော်ကပါ ဂရုတစိုက် ကူညီပံ့ပိုးပေးပြီး ဂျပန်အရိုးကောက်အဖွဲ့အား ဝတ်ပြုဆုတောင်းပွဲများ ခွင့်ပြုခြင်း၊ အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူခွင့်ပေးခဲ့သဖြင့် အလွန်ကျေးဇူးတင်စရာကောင်းကြောင်း၊ ဂျပန်အရိုးကောက်အဖွဲ့အား ကျေးလက်နေပြည်သူများက ဝိုင်းဝန်းကူညီရှာဖွေပေးခဲ့သဖြင့် မြန်မာ့စိတ်ရင်းစိတ်ဓာတ်သည် ချီးကျူးဂုဏ်ယူစရာကောင်းကြောင်း၊ ဂျပန်တို့အနေဖြင့် မြန်မာပြည်သူများအား နှိပ်စက်ခြင်း၊ စော်ကားခြင်း၊ စစ်ပွဲကြောင့် ပြည်သူအများ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခြင်းတို့အတွက် များစွာကြေကွဲဝမ်းနည်းပါကြောင်းနှင့် ဂျပန်များကိုယ်စား ခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်ပါသည်ဟု ပြောကြားသွားသည်။

ဂျပန်အရိုးကောက်အဖွဲ့သည် မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်ကစ၍ ခေတ္တရပ်ဆိုင်းထားသည့် အရိုးကောက်လုပ်ငန်းကို ရှစ်နှစ်အကြာ ၂၀၁၁ ခုနှစ်ယခုမှစ၍ စတင်လုပ်ကိုင်ကြောင်း သိရသည်။

# ကြံ့ခိုင်မှုအားနည်းသည့် တက္ကစီ ရှေ့ဘီးဂျိုင်းဆက်ပြုတ်၍ လမ်းအလယ်၌ ကန့်လန့်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းစိန်လမ်းမပေါ် စံရိပ်ငြိမ်မှတ်တိုင်အနီးရှိ လမ်းပေါ်တွင် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၄၈ မိနစ်ခန့်က တက္ကစီတစ်စီးမှာ မောင်းနေစဉ်ရှေ့ဘီးဂျိုင်းဆက်ပြုတ်ခဲ့ရာ ကံကောင်းထောက်မ၍ ပတ်ဝန်းကျင်သို့ တစ်စုံတစ်ရာ ထိခိုက်မှုမဖြစ်ခဲ့ကြောင်းသိရသည်။

အဆိုပါ တက္ကစီမှာ ၈/.....ဖြစ်ပြီး လှည်းတန်းမှ ဘူတာရုံလမ်းဘက်သို့ တောင်မှမြောက်သို့အသွား စံရိပ်ငြိမ်မှတ်တိုင်အနီးတွင် ယာဉ်၏ရှေ့ဘီးဝဲဘက်ခြမ်းမှ ဂျိုင်းဆက်များချွတ်ယွင်းခဲ့ပြီး စတီယာရင်ကိုပင်လှည့်မရသည်အထိ ဖြစ်ခဲ့ရကြောင်းသိရသည်။"အဲဒီအချိန်က လမ်းကူးသူရှင်းတာရယ်၊ တခြားမော်တော်ယာဉ်တွေက လှည်းတန်းမီးပွိုင့်မှာ ပွိုင့်မိနေကြတာတွေကြောင့် ထိခိုက်မှုမရှိခဲ့တာဖြစ်ပါတယ်"ဟု မျက်မြင်တွေ့ရှိသူ တစ်ဦးက ကြေးမုံသတင်းစာသို့ ပြောပြသည်။

ထိုယာဉ်မှာ လမ်းလယ်တွင် ကန့်လန့်ဖြစ်နေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန် အနီးမှ တာဝန်သိပြည်သူများပူးပေါင်းကာ လမ်းဘေးသို့ တွန်း၍ ရွှေ့ခဲ့ရကြောင်းသိရသည်။ အငှားယာဉ်များအနေဖြင့် ခရီးသည်များလုံခြုံစိတ်ချစွာ သွားလာနိုင်စေရန်အတွက် ယာဉ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကိုလည်း အမြဲဂရုပြု လုပ်ဆောင်သင့်ကြောင်း စက်မှုအင်ဂျင်နီယာတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

(၆၈၀)



**ကြံ့ခိုင်မှု အားနည်းသော တက္ကစီတစ်စီး လမ်းအလယ်တွင် ပျက်နေ၍ လမ်းဘေးသို့ ရွှေ့ပြောင်းကြစဉ်။**

# မိုးစပါးပေါ်ချိန် တောင်တွင်းကြီး၌ ကောက်ညှင်းဆန် ဈေးကောင်း

**တောင်တွင်းကြီး နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် အောက်တိုဘာ ၂၁ ရက်မှစ၍ မနောသုခ၊ ပွင့်ဖြူသုခ၊ ဆင်းသွယ်ရင်၊ ရက်(၉၀)စပါး၊ ဆင်းသွယ်လတ်၊ ကောက်ညှင်းစပါး(အဖြူ)၊ ကောက်ညှင်းငချိတ်စပါးများကို တောင်သူများ ရိတ်သိမ်းပြီးစီးနိုင်ရန် တလင်းပျောက်စနစ်ခြွေလှေ့စက်များကို အသုံးပြုပြီး ဈေးကွက်သို့ အမြန်တင်ပို့ရောင်းချနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့ပြီး စပါးများကို ကြိတ်ခွဲပြီး မနောသုခ၊ ပွင့်ဖြူသုခ၊ ဆင်းသွယ်လတ် ဆန်တစ်အိတ် (၂၄)ပြည်ပါ တစ်အိတ်လျှင် ၁၁၀၀၀ ကျပ်နှုန်း၊ ကောက်ညှင်းဆန်(အဖြူ)တစ်အိတ်လျှင် ၂၃၅၀၀ ကျပ်နှုန်း၊ ကောက်ညှင်းငချိတ်တစ်အိတ်လျှင် ၂၅၀၀၀ ကျပ်နှုန်းဖြင့် မကွေး၊ သစ်ရာကောက်၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်မြို့နယ်များသို့ မီးရထား၊ ကားများဖြင့်တင်ပို့ရောင်းချရကြောင်း ဆန်ကုန်သည်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကောက်ညှင်းဆန်မှာ ယခင်နှစ်ကထက် အရောင်းသွက်၍ ဈေးကောင်းရသဖြင့် တောင်သူများဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သဖန်းကုန်းကျေးရွာတောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ (၅၈၀)

# လေ့လာစရာ လော်ကားဥယျာဉ်မှာ

**ရန်ကုန် နိုဝင်ဘာ ၂**

လော်ကားဥယျာဉ်သည် ရန်ကုန်မြို့လယ်မှ ၂၂ မိုင်အကွာ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့အနီး ရန်ကုန်ပြည်လမ်းမကြီး၏ ဝဲဘက်တွင် တည်ရှိသည်။ ဥယျာဉ်အကျယ်အဝန်းဧရိယာအတွင်း တိရစ္ဆာန်ဥယျာဉ်ငယ် ၆၂ ဧကနှင့် ကြားခံကာကွယ်တော ဧက ၆၆၀ ရှိသည်။

လော်ကားဥယျာဉ်ကို ၁၉၈၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၀ နီးပါး ရှိပြီဖြစ်သည်။

လော်ကားဥယျာဉ်၏ တိရစ္ဆာန်ဥယျာဉ်ငယ်အတွင်းတွင် ပသျှူးဝက်ဝံ၊ ဟိမဝန္တာဝက်ဝံ၊ မိကျောင်း၊ ငှက်ရုံတို့ရှိပြီး သဘာဝဥယျာဉ်အတွင်း သမင်၊ ဒရယ်၊ ချေ၊ ဆတ်၊ မျောက်စပ်၊ ဒေါင်း၊ စပါးကြီးမြွေ၊ သင်းခွေချပ်၊ တောဝက်နှင့် နွားနောက်များ အပါအဝင် တွားသွားတိရစ္ဆာန် ကိုးမျိုး၊ နို့တိုက်သတ္တဝါ ၂၅ မျိုး၊ ငှက်မျိုးစိတ်ပေါင်း ၁၉၂ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၀၃ မျိုး၊ ကုန်းနေရေနေသတ္တဝါမျိုးစိတ် ၅၄ မျိုးနှင့် ငါးမျိုးစိတ် ၂၃ မျိုးကို မွေးမြူပြုစုပြသထားသည်။

လေ့လာသူများ ဥယျာဉ်အတွင်း သွားလာလည်ပတ်မှု အဆင်ပြေစေရေးအတွက် ဥယျာဉ်ပတ်လမ်းတစ်လျှောက် ကိုယ်ပိုင်ယာဉ်များဖြင့် သွားလာနိုင်ရန် ခွင့်ပြုထားပြီး ဥယျာဉ်ပိုင် ဘာဂီကားများကိုလည်း နာရီဝက် တစ်စီးနှုန်းဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

လော်ကားဥယျာဉ်ကို ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် လေ့လာအပန်းဖြေအနားယူနိုင်ရန် စနေ၊ တနင်္ဂနွေနေ့များနှင့် အများပြည်သူပိတ်ရက်များတွင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားပြီး ကျန်ရက်များတွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ နေ့စဉ် ဖွင့်လှစ်ထားပါကြောင်း အသိပေးလိုက်ရပါသည်။

(ကိုချစ်)

# စားအုန်းဆီ၌ ဆပ်ပြာမှုန့်ရောပြီး ပဲဆီအဖြစ် ရောင်းချလျက်ရှိကြောင်း သတင်းဖြစ်ပေါ်

**ရန်ကုန် နိုဝင်ဘာ ၂**

ဈေးသက်သာသော စားအုန်းဆီကို မခဲစေရန်နှင့် အရောင်ကြည်လင်မှုရှိစေရန် အနံ့မပြင်းသည့် ဆပ်ပြာမှုန့်ဖြင့် အပူပေးရောကျိုပြီး မြေပဲဆီအနံ့ထည့်ကာ မြေပဲဆီအဖြစ် လိမ်လည်ရောင်းချလျက်ရှိကြောင်း သိရှိရသဖြင့် အိမ်ရှင်မများအကြား စိုးရိမ်စိတ်များ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အိမ်ရှင်မတစ်ဦးက ဤသတင်းအမှန်ဆိုပါက စားသုံးသူအားလုံးအတွက် အန္တရာယ်ရှိကြောင်း၊ ဘယ်လိုဆီကို ဝယ်စားရမယ်ဆိုတာ တော်တော်စဉ်းစားရခက်နေကြောင်း၊ စီးပွားရေးသမားများအနေဖြင့် တစ်ဘို့တည်း မကြည့်သင့်ကြောင်း၊ မိမိလည်း အကျိုးဖြစ်စေ၊ စားသုံးသူများလည်း အန္တရာယ်ကင်းစေဆိုသည့် စိတ်စေတနာကောင်းများ ထားသင့်ကြောင်း၊ သက်ဆိုင်ရာကလည်း စားသုံးဆီတွေကို ပြည်သူတွေ စားသုံးဖို့ သင့်၊ မသင့် စစ်ဆေးပြီး မသမာမှုများရှိပါက ထိထိရောက်ရောက် အရေးယူသင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ (မောင်လှိုင်)

# မန္တလေး-ပုဂံ ရထားလမ်း ပြုပြင်ထိန်းသိမ်းမှု စတင်

**နွားထိုးကြီး နိုဝင်ဘာ ၂**

မန္တလေး-ပုဂံ ရထားလမ်းကို မြန်မာ့မီးရထားက ရထားလမ်းချော်ကျမှု လျော့နည်းစေရန်အတွက် ဇလီဖားတုံးလဲလှယ်ခြင်း၊ သံလမ်းကျောက်များ ဖြည့်တင်းခြင်းနှင့် ရထားလမ်းကြံ့ခိုင်မှုတို့ကို ပြုလုပ်လျက်ရှိသည်။

မြန်မာ့မီးရထား တိုင်း(၃) နွားထိုးကြီး သံလမ်းအုပ်က နွားထိုးကြီး-မြင်းခြံ-တံတားဦး မိုင် ၆၀ သံလမ်းကို ကျွန်းဇလီဖားတုံး ၅၀၀၀ ကျော် လဲလှယ်လျက်ရှိသည်။ မြင်းခြံ-ပုဂံညောင်ဦး မီးရထားလမ်းကိုလည်း မြန်မာ့မီးရထားတိုင်း(၁၁)က မကြာမီ မီးရထားသံလမ်းကျောက်များ ဖြည့်တင်းတော့မည်ဟု သိရသည်။

(၉၅)

**ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ဈေးအတွင်းရှိ သား၊ ငါး၊ ပုစွန် အရောင်းဆိုင်များ၌ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်စံနှုန်းများ ပြည့်မီရေး၊ စားသုံးရာ၌ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းရေး၊ လတ်ဆတ်စွာရောင်းချရေး၊ ဓာတုဆေးဝါးများ မသုံးစွဲရေးနှင့် ဥကပ်ပုစွန်များ၊ ငါးရှဉ့်များ၊ ကဏန်းများ၊ သတ်မှတ်အရွယ်အစားအောက် သားငါးများနှင့် တားမြစ်ထားသော အာဖရိကငါးခူများ ရောင်းချခြင်း ရှိ၊ မရှိ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ စုပေါင်း၍ အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၄၀)**



☆ကျောဖုံးမှ

ဆောင်ရွက်ချက်နှင့် ပတ်သက်သော အဆိုသည် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ အရေးကြီး အဆိုအဖြစ်သတ်မှတ်ရန် သင့်၊ မသင့် စဉ်းစားရပါကြောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် လောလောဆယ် အရေးတကြီး ကိစ္စတစ်ရပ်ဖြစ်မှသာ အရေးကြီးအဆိုဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးချက်များသည် ပြည်ထောင်စုလွှတ်တော်နာယက၏ ဂုဏ်သိက္ခာကို ထိပါးပြောဆိုမှုများ ပါဝင်သည့်အတွက် ချက်ချင်းဆောင်ရွက်လိုကြောင်း တင်ပြချက်အရ ခြွင်းချက်ထားပြီး အဆိုတင်သွင်းခွင့်ပြုခြင်း ဖြစ်ပါကြောင်း၊ ယခုခွင့်ပြုခြင်းကိုလည်း အမျိုးသား လွှတ်တော်၏ အတည်ပြုချက်ရယူမည်ဖြစ်ကြောင်းပြောကြားပြီး အဆိုတင်သွင်း ဆွေးနွေးခွင့်ပြုခြင်းနှင့် ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် လွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ခြင်း မရှိပါက ဥက္ကဋ္ဌ၏ဂုဏ်သိက္ခာဆိုင်ရာ ပါဝင်နေသဖြင့် ယခုကဲ့သို့ဆောင်ရွက်ခွင့်ပြုသည်ဟု ထင်မြင်မည်ကို စိုးရိမ်သည့်အတွက် ယခုကဲ့သို့ အတည်ပြုချက်ရယူရခြင်း ဖြစ်ပါကြောင်း၊ အဆိုတင်သွင်းဆွေးနွေးရန် ခွင့်ပြုသော်လည်း တင်သွင်းဆွေးနွေးသည့်အခါ မှားယွင်းသည်ဟု ယူဆသည့်ကိစ္စအား ဥပဒေကြောင်းအရသာ ညင်သာသိမ်မွေ့စွာ ပြောဆိုရန်နှင့် သူတစ်ပါးကို မထိပါးမိစေရန် ကြိုတင်သတိပေးလိုပါကြောင်း။

ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်သည် ပြည်ထောင်စုလွှတ်တော် နာယက၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပေါ် နာယက၏မျက်ကွယ်၌ အဆိုတင်သွင်းပြီး ချက်ချင်းဆွေးနွေးကြခြင်းဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၇)ဦး၏ ထောက်ခံဆွေးနွေးချက် အပြည့်အစုံကို သိရှိခွင့်မရခဲ့ပါကြောင်း၊ သို့သော် နာယကအနေဖြင့် မိမိ၏တာဝန်ကို ဥပဒေနှင့်အညီ ထမ်းဆောင်ခြင်းသာဖြစ်ကြောင်းနှင့် နားစွန်နားဖျားကြားရသည့် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးသည့် ဆွေးနွေးချက်အချို့ကို ပြန်လည်ရှင်းပြလိုပါကြောင်း၊ ထိုသို့ ရှင်းပြခြင်းသည် ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ထမ်းဆောင်သူသည် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဖြစ်နေသည့်အတွက် မိမိ၏လွှတ်တော်ကို ဥပဒေကြောင်းအရ သိသင့်သိထိုက်သမျှ သဘောရိုးနှင့် ပြန်လည် တင်ပြခြင်းသာဖြစ်ပြီး တုံ့ပြန်ခြင်းမဟုတ်ကြောင်းနှင့် တန်ပြန်အင်အားရရှိရေး စည်းရုံးခြင်းလုံးဝမဟုတ်သည်ကို ပြောကြားလိုပါကြောင်း။

နာယက၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈(ဃ)တွင် "လွှတ်တော်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ ဤနည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် ကြပ်မတ်ခြင်း"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇(ဃ)တွင်လည်း ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထိုနည်းတူ ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာပြုစဉ်ကလည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုစဉ်ကလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်ဟု ကတိသစ္စာပြုထားသည်ကို ဦးထိပ်ထားရန်လည်း လိုပါကြောင်း၊ ထို့ကြောင့် နာယကသည် လွှတ်တော်လုပ်ငန်းအားလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ/မရှိ အထူးသတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်းအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်း ရှိ/မရှိ ဆုံးဖြတ်နေရမည်ဖြစ်ပါကြောင်း၊ တစ်ခါတစ်ရံ မိမိဆုံးဖြတ်နိုင်စွမ်းမရှိဘဲ သံသယဝင်နေလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားတို့ကို ရယူရမည်ဖြစ်ပါကြောင်း၊ ဤသည်မှာ ဥပဒေကြမ်းတစ်ခုကို စတင်မဆွေးနွေးမီကစ၍ လုပ်ငန်းပြီးဆုံးသည်အထိ ကာလများတွင် လုပ်ကိုင်ရမည့်တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ တွင် "နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်"ဟု အတိအလင်း ပြဋ္ဌာန်းထား၍ ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆုံးဖြတ်ပိုင်ခွင့်သည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ လုံးဝမရှိသည့်အတွက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် နာယက၏တာဝန်ကို တတ်စွမ်းသမျှ တိတိကျကျ ဆောင်ရွက်ခြင်းသာဖြစ်ပြီး ထိုသို့ ဆောင်ရွက်ခြင်းသည် နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လွှတ်တော်၏အတည်ပြုချက် လိုအပ်ခြင်းမရှိပါကြောင်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်း ရှိ/မရှိ သံသယရှိခဲ့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဆုံးအဖြတ် ရယူရမည်ဆိုခြင်းသည် လုပ်ငန်းစနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ လုပ်ငန်းစနစ်ကို နောင်လာနောက်သားတို့ နားလည်စေရန်အတွက် ရည်ရွယ်ပြီး နာယက က ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို အောက်တိုဘာ (၂၈)ရက်တွင် မေးမြန်းခဲ့ခြင်းသာဖြစ်ပြီး ထိုကိစ္စသည် အဆိုတစ်ရပ်မဟုတ်သည်ကို အများသူငါ နားလည်နိုင်ပါကြောင်း၊ နာယက၏ စကားထဲတွင် "အဆို" ဆိုသည့်စကား လုံးဝမပါသည်ကို မှတ်တမ်း၌ ပြန်ကြည့်နိုင်ပါကြောင်း၊ နာယက က လွှတ်တော်ကို "ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၅၊ ပုဒ်မခွဲ(က) အရ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ ဥပဒေကြမ်း ပူးပေါင်းကော်မတီအား စိစစ်ရန် တာဝန်ပေးအပ်မည်ဖြစ်ပါကြောင်း"ဟု ပြောကြားပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေများ၏ အကျိုးသက်ရောက်မှုဆိုင်ရာ ပုဒ်မ ၁၉၈(က)ကို ဖတ်ကြားပြပါကြောင်း။**

ပုဒ်မ ၁၉၈(က)တွင် "ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်"ဟု ဖော်ပြထားပါကြောင်း။

နာယကအနေဖြင့် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းကြောင်း အတည်ပြုပြီးနောက် ဥပဒေအဖြစ် လက်မှတ်ရေးထိုး ထုတ်ပြန်ရန် နိုင်ငံတော်သမ္မတထံ ပေးပို့ပါက နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအား တာဝန်ပေးစိစစ်စေ၍ အခြေခံဥပဒေနှင့်မညီသော အချက်များ ပါဝင်နေလျှင် မှတ်ချက်ဖြင့် ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း၊ ထိုအခါ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရမည့် လွှတ်တော်သည် သိက္ခာကျမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ထောင်စု လွှတ်တော်ကလည်း အတည်ပြုပြဋ္ဌာန်း၊ နိုင်ငံတော်သမ္မတကလည်း လက်မှတ်ရေးထိုး ထုတ်ပြန်ပါသော်ငြားလည်း အခြေခံဥပဒေနှင့် မညီသော ဥပဒေပြဋ္ဌာန်းချက်သည် အထက်ပါအခြေခံဥပဒေ ပုဒ်မ ၁၉၈(က)အရ လိုက်နာရန်မလိုသည့် ဥပဒေဖြစ်သွားနိုင်ကြောင်း" တို့ကို ရှင်းပြခဲ့ပါကြောင်း။

"ဥပဒေကြမ်း ပူးပေါင်းကော်မတီက စိစစ်ရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့၍ စိစစ်ရန်လိုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသော ကိစ္စများပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျားဟု (၃)ကြိမ်မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်က သဘောတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ရေးအတွက် ပေးပို့ခြင်း မပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့ရန် ပြည်ထောင်စု လွှတ်တော်က ဆုံးဖြတ်ကြောင်း ကြေ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ညာသည်"ဟု ပြောကြားခဲ့ပါကြောင်း။

ယခုကိစ္စတွင် လွှတ်တော်၏သဘောထား ရယူရန်မလိုသော်လည်း သဘောတူပါသလားဟု မေးခဲ့ခြင်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းတစ်ရပ်အဖြစ် အရှည်တည်တံ့ခဲ့စေချင်သည့်အတွက် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈(ပ)တွင် "ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စများ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း၊ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ခြင်း" ဟု နာယက၏ တာဝန်တစ်ရပ်အဖြစ် ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နာယက တစ်ဦးတည်း သဘောနှင့် ဆောင်ရွက်နိုင်သော်ငြားလည်း လွှတ်တော်၏ သဘောထားရယူပြီး ဆောင်ရွက်ခြင်းက မှန်မြတ်သည့် သဘောကိုဆောင်မည်ဟု ယူဆပြီး ဆောင်ရွက်ပါကြောင်း၊ အဆိုမဟုတ်သည့်အတွက် တင်သွင်းသူ၊ ထောက်ခံသူ၊ ဆွေးနွေးသူနှင့် မဲခွဲဆုံးဖြတ်ခြင်းတို့ မလိုသည့်ကိစ္စဖြစ်ပါကြောင်း။

သဘောတူပါသလားဟုသာမေးပြီး သဘောမတူသူရှိပါသလားဟု မမေးသည့်အတွက် ဝေဖန်ကြောင်းကိုလည်း ကြားရပါကြောင်း၊ သဘောတူပါသလား (၃)ကြိမ်မေးရန်နှင့် သဘောမတူသူရှိပါသလားဟုမေးရန် ပြဋ္ဌာန်းထားခြင်း လုံးဝမရှိပါကြောင်း၊ ဤသည်မှာ ကျင့်စဉ်တစ်ရပ်အနေဖြင့် တီထွင်သုံးစွဲခြင်းဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းတစ်ရပ်၏ စကားလုံးတစ်လုံးချင်း၊ တစ်ပိုဒ်ချင်း အတည်ပြုသည့်နေရာ၌သာ အရေးကြီးသည့်ကိစ္စဖြစ်သည့်အတွက် သဘောမတူသူရှိပါသလားဟု သေချာစေသောအားဖြင့် ထည့်မေးခြင်းဖြစ်ပါကြောင်း၊ အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် မေးသည့်အခါ သဘောတူပါသလား (၃)ကြိမ်သာ မေးပါကြောင်း၊ ယင်းသည် ပြဋ္ဌာန်းချက်မဟုတ်သည့်အတွက် ဥပဒေနှင့်မညီဘူးဟု ပြောလျှင် မှားသည်ဟု ပြောကြားလိုပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် ပညာရေးဆိုင်ရာ အဆိုတစ်ရပ်နှင့်ပတ်သက်ပြီး သဘောတူပါသလားဟုမေးသည့်အခါ ဦးအုံးတင်က မတူပါဘူးဟု ဖြေသည့်အတွက် ဆွေးနွေးခွင့်ပေးခဲ့သည့် သာဓကရှိပါကြောင်း၊ သဘောတူပါသလားဟုမေးလျှင် သဘောမတူသူကလည်း မတူကြောင်း ပြောကြားခွင့်ရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆုံးရှုံးသည်ဟု ပြောခြင်းသည် မိမိတို့နှင့်သက်ဆိုင်သော လွှတ်တော်၏ကျင့်စဉ်နှင့်သာ သက်ဆိုင်ပါကြောင်း။

ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်က နိုဝင်ဘာ(၁)ရက်စွဲဖြင့် စာ(၁)စောင်ပေးပို့ပြီး အသိပေးခဲ့ပါကြောင်း၊ နာယကအနေဖြင့် ထင်မြင်သည်မှာ ဤကိစ္စသည် ပြည်ထောင်စုလွှတ်တော်နာယက၏ ဆောင်ရွက်ချက်ကို မှားသည်၊ မှန်သည် ဝေဖန်ဆွေးနွေးအဖြေရှာမည်ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်နှစ်ရပ်ကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းကော်မတီ/ ကော်မရှင်ဖွဲ့ပြီး ပြင်ပနှင့် သက်ဆိုင်ရာ ဥပဒေပညာရှင်များကို ဖိတ်ခေါ်ကြားနာလိမ့်မည်ဟု ထင်မြင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာကိစ္စကို ပြည်သူ့လွှတ်တော်၌ အရေးကြီးအဆိုအဖြစ် တင်ပြီး ချက်ချင်းဆွေးနွေးကာ ဆုံးဖြတ်လိမ့်မည်ဟု မထင်ခဲ့မိပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဤကိစ္စကို အဆိုတင်ဆွေးနွေးလိုသည့်အခါ သင့်လျော်ခြင်း ရှိ၊ မရှိ အတော်ချိန်ဆခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အချို့က ပြည်ပအသံလွှင့်ဌာနများ၏ မေးမြန်းချက်များအား ဖြေဆိုသွားသည်ကို ကြားရပါကြောင်း၊ ပြည်သူ့လွှတ်တော်တစ်ရပ်တည်း၏ ဆုံးဖြတ်ချက်သည် မှန်လှပြီဟု ယူ၍မရပါကြောင်း၊ ထို့ကြောင့်လည်း လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်စလုံး ပါဝင်သော ပြည်ထောင်စုလွှတ်တော်က အတည်မပြုသေးသမျှ တစ်ခြမ်းပဲ့အဖြေပင်ဖြစ်ပါကြောင်း၊ လူနှင့် အုပ်ချုပ်သည့်စနစ်မှသည် မူနှင့်အုပ်ချုပ်သည့်စနစ်သို့ ပြောင်းလာသည်ဟု ပြောသူလည်းရှိပါကြောင်း၊ နာယကသည် တာဝန်ကို ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေများကို အတတ်နိုင်ဆုံးလိုက်နာပြီး သဘောရိုးနှင့် ဆောင်ရွက်နေသည်ကို ရှင်းပြလိုပါကြောင်း၊ တစ်ခြမ်းပဲ့ဆုံးဖြတ်ချက်နှင့် နာယကအပေါ် ပုတ်ခတ်ဝေဖန်မှုများရှိခဲ့လျှင် နာယကအနေဖြင့် ပြစ်ဒဏ်ပေး၍ရပါကြောင်း၊ သို့သော် မသိနားမလည်၍ ကျူးလွန်သည်ဆိုလျှင်မူ သဘောထားကြီးစွာ ခွင့်လွှတ်ပါကြောင်း။

ထို့ပြင် ဤကိစ္စကို ပြည်ထောင်စုလွှတ်တော်၌ အဆိုအဖြစ်တင်လာလျှင်လည်း နာယက၏ မှန်ကန်သည့် ဆောင်ရွက်ချက်ကို ဟန့်တားနှောင့်ယှက်ရာကျသော အဆိုဖြစ်သည့်အတွက် နာယကအနေဖြင့် ခွင့်ပြုစရာအကြောင်းမရှိပါကြောင်း၊ ပူးပေါင်းကော်မတီ သို့မဟုတ် ကော်မရှင်တစ်ရပ် ဖွဲ့စည်းစေပြီး သက်ဆိုင်ရာ ဥပဒေပညာရှင်များကို ဖိတ်ခေါ်ကြားနာစေမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏ တွေ့ရှိချက်အရ နာယက၏ ဆောင်ရွက်ချက်မှားယွင်းကြောင်း ဆုံးဖြတ်လျှင် နာခံရန် အသင့်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေကြမ်းတွင် ပြဋ္ဌာန်းလိုက်သည်ဟု အတည်ပြုခြင်း ဖြစ်သည့်အတွက် ပြဋ္ဌာန်းခြင်းမည်ပါကြောင်း၊ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည် ဆိုသည့်အတွက် ထုတ်ပြန်ခြင်းမည်ပါကြောင်း၊ ယင်းတို့ကို ခွဲခြားသိရှိရန်လိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြဋ္ဌာန်းပြီး ဥပဒေများကိုသာ စိစစ်နိုင်သည်ဆိုပြီး အငြင်းထွက်နေသည်ကို တွေ့ရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ပေးပို့သည့်ဥပဒေကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ခြင်းမပြုမီ ခုံရုံးကို စိစစ်စေခွင့်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကလည်း မိမိတို့က အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေကြမ်းကို ခုံရုံးသို့ ပေးပို့စိစစ်ခွင့်ရှိပါကြောင်း၊ ထို့ပြင် အထက်တွင်တင်ပြခဲ့သကဲ့သို့ နာယကအနေဖြင့် ဥပဒေကြမ်းကို စတင်ရရှိကတည်းက သံသယရှိလျှင် ခုံရုံးသို့ ပေးပို့ခွင့်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၀ (င)ပါပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းဆိုသည့် ပုဒ်မသည် ဝမ်းနည်းကြောင်း၊ ဝမ်းသာကြောင်း သဝဏ်လွှာပေးပို့ခြင်း စသည့်ကိစ္စများနှင့် ပိုမိုသက်ဆိုင်ပါကြောင်း၊ နာယက၏ တာဝန်နှင့်ပတ်သက်ခြင်း လုံးဝမရှိသည်ကို ရှင်းပြလိုပါကြောင်း။

အခြေခံဥပဒေနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ သံသယရှိသည့် ဥပဒေကြမ်းများကို ခုံရုံးသို့ပေးပို့ခြင်းသည် လွှတ်တော်၏ ဥပဒေပြုခွင့်အာဏာကို ခုံရုံး၏အောက်သို့ သွင်းလိုက်ခြင်း လုံးဝမဟုတ်ပါကြောင်း၊ "သံသယရှိသည့်" ဆိုသည့် စကားရပ်ပါဝင်နေသည်ကိုလည်း သတိချပ်ရန်လိုပါကြောင်း၊ ထို့ပြင် ခုံရုံးသည် အခြေခံဥပဒေနှင့် မညီသော အပိုဒ်များအတွက်သာ သဘောထားမှတ်ချက်၊ ဆုံးဖြတ်ချက်ပေးခွင့်ရှိပြီး ယင်းဥပဒေကို ဆက်လက် ထုတ်ပြန်ခြင်းမပြုရဟု တားမြစ်ပိုင်ခွင့်မရှိခြင်းကို သိရှိရန် လိုပါကြောင်း။

**အခြေခံဥပဒေကို လိုက်နာပြီး ဥပဒေပြုရမည့် ပုဂ္ဂိုလ်များက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားမှတ်ချက်ရယူလျှင် သိက္ခာကျသည်ဟု မထင်မြင်ရန် လိုအပ်ပါကြောင်း၊ နာယကအနေဖြင့် လူသားဖြစ်သည့်အတွက် အမှားပါနိုင်ကြောင်း၊ အခြေခံဥပဒေနှင့်ပတ်သက်လာလျှင် အမှားမပါရေးသည် မိမိတာဝန်ဖြစ်သည်ဟုခံယူပြီး ခုံရုံး၏အကူအညီကို ရယူလိုခြင်းသာဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရှင်းပြခြင်းသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိတ်မကောင်းဖြစ်ကြောင်း သိရှိရသည့်အတွက် ရှင်းပြခြင်းသာ ဖြစ်ကြောင်းနှင့် အခြားမည်သည့်ရည်ရွယ်ချက်မျှ မရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။**

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညာဏစိုး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဂူ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်တို့က ဆွေးနွေးကြရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာကြပြီး ပြည်သူတို့၏ အကျိုးစီးပွားအတွက် ရပ်တည်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေများသည် လက်တွေ့ဖြစ်ပေါ်လာသော ကိစ္စအားလုံးကို မလွှမ်းခြုံနိုင်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်ခဲ့ပြီးသော ကိစ္စကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ပြန်လည်ဆွေးနွေးကန့်ကွက်နိုင်သည့် ပြဋ္ဌာန်းချက်မရှိပါကြောင်း၊ နာယကသည် မိမိ၏ လုပ်ပိုင်ခွင့်ကို သဘောရိုးဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်သည်ဟု တွေးမြင်ရန် လိုအပ်သကဲ့သို့ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့် မညီညွတ်ဟု မသုံးသပ်သင့်ပါကြောင်း၊ အားလုံးသည် လွှတ်တော်ကိုယ်စားလှယ်များသာဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်သည် လုပ်ပိုင်ခွင့်တူညီစွာရှိသည့် ညီနောင်လွှတ်တော်များ ဖြစ်ပါကြောင်း၊ စိတ်ရှည်သည်းခံ၍ ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်စေလိုပါကြောင်း။

**မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းခါစ၊ ဒီမိုကရေစီကျင့်စဉ်ကို စတင်ကျင့်သုံးဆောင်ရွက်နေစဉ်တွင် ယခုကိစ္စနှင့် စပ်လျဉ်း၍ အားလုံးဝိုင်းဝန်း အဖြေရှာသင့်ပါကြောင်း၊ လွှတ်တော် နှစ်ရပ်စလုံးသည် တိုင်းပြည်နှင့်ပြည်သူ့အတွက် အလုပ်လုပ်နေကြခြင်းဖြစ်ရာ ညီညီညွတ်ညွတ် နားလည်မှုရှိရှိဖြင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတို့က ဦးဆောင်၍ သင့်မြတ်သလို ဖြေရှင်းဆောင်ရွက် ပေးစေလိုပါကြောင်း၊ နားလည်မှုရှိရှိဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပြဿနာမဟုတ်တော့ဘဲ သင်ခန်းစာသာလျှင် ဖြစ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။**

အဆိုရှင် ဒေါ်ခင်ဝိုင်းကြည်၏ အဆိုနှင့်စပ်လျဉ်း၍ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက မတ်တတ်ရပ်၍ ထောက်ခံဆန္ဒပြုသဖြင့် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ဥပဒေကြမ်း အတည်ပြုခြင်းကဏ္ဍ**တွင် **ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က အခန်း(၄)၊ အပိုဒ် ၁၂(စ)ကို ပြင်ဆင်လိုကြောင်း အကြံပြုချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမြင့်ထွန်းက ရှင်းလင်းတင်ပြပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုဆောင်ရွက်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်သည့် အခန်း(၁)၊ အပိုဒ် ၂(ဠ)၊ အခန်း (၄)၊ အပိုဒ် ၉(င)၊ အပိုဒ် ၉(စ)၊ အပိုဒ် ၁၀(ဈ)၊ အပိုဒ် ၁၂(စ)၊ အခန်း (၉)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၉(ဂ)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အခန်း (၁၁)၊ အပိုဒ် ၅၅၊ အခန်း ၁၄၊ အပိုဒ် ၆၃၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂ တို့နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီ အတည်ပြုဆုံးဖြတ်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း** အခန်း (၄)၊ အပိုဒ် ၁၂(စ) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**လွှတ်တော်သို့ အသိပေးခြင်းကဏ္ဍ**တွင် နည်းဥပဒေများ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေများ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန်သို့မဟုတ် ပြင်ဆင်ရန် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း (၉၀) အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆို တင်သွင်းနိုင်ကြောင်း၊ အဆိုတင်သွင်းခြင်းမရှိပါက အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

အမျိုးသားလွှတ်တော်က ဩဂုတ် (၁၉)ရက်တွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ စက်တင်ဘာ (၂)ရက်တွင် ယဉ်ကျေးမှုအမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေများ၊ အောက်တိုဘာ (၁၈)ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့် အမိန့်ကြော်ငြာစာ အမှတ်(၃၉/၂၀၁၁) နှင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၄၀/၂၀၁၁)၊ အောက်တိုဘာ (၂၅)ရက်တွင် ယစ်မျိုး နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ အောက်တိုဘာ(၂၇)ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများတို့ကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားကြောင်း သိရသည်။

**လွှတ်တော်၏ ဆောင်ရွက်ချက်များ ရှင်းလင်းခြင်းကဏ္ဍ**တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားရာတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း(၂၈၃)ခု မေးမြန်းခဲ့ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် (၃၆)ဦးက စာဖြင့် ဖြေကြားပေးရန် မေးမြန်းထားသည့် ကြယ်ပွင့်မပြမေးခွန်း (၇၅)ခု၏အဖြေများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဖြေကြားပေးပြီးဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ အဆိုနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက တင်သွင်းသည့် အဆို(၄၃)ခုနှင့် မေးခွန်းမှ အဆိုအဖြစ်ပြောင်းလဲသည့်အဆို(၃)ခု၊ စုစုပေါင်း အဆို(၄၆)ခု အနက် အဆို(၃၃)ခုကို အမျိုးသားလွှတ်တော်က အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါကြောင်း။

အဆိုပါ မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာကော်မတီကလည်း အသေးစိတ်ဖတ်ကြားပြီး ယင်းအနက်မှ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များကို မှတ်တမ်းတင်ရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပေးပို့သည့် ဥပဒေကြမ်း (၈)ခုနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ပေးပို့သည့် ဥပဒေကြမ်း (၂)ခု စုစုပေါင်း (၁၀)ခုဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး အတည်ပြုချက်ဖြင့် အမျိုးသား

# ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ကျီးခါးမြို့တို့၌ ဘိန်းစေ့အပ်နှံပွဲများကျင်းပ

**နေပြည်တော်  နို၀င်ဘာ ၂**

ချင်းပြည်နယ်သည် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးပြည်နယ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အောက်တိုဘာ ၂၈ ရက် ည ၇ နာရီတွင် တွန်းဇံမြို့နယ် အားကစားရုံ၌ ဒေသခံတောင်သူများ၏ ဆန္ဒအရ ဘိန်းစေ့အပ်နှံပွဲအခမ်းအနားနှင့် ပညာပေးဟောပြောပွဲကို ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ကမ္ဘာတွင် မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှုကို နည်းလမ်းအမျိုးမျိုးဖြင့် တိုက်ဖျက်နေကြောင်း၊ ချင်းပြည်နယ်ကိုလည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သည်ကို လက်တွေ့ပြသခြင်းဖြစ်ကြောင်းနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နည်းပညာနှင့် စားသုံးသီးနှံမျိုးစေ့ရရှိရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသခံတောင်သူများက မိမိတို့ဆန္ဒအရ ဘိန်းမျိုးစေ့ ပြည် ၈၀ ကို အပ်နှံကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးက တွန်းဇံမြို့နယ်အား ဘိန်းစိုက်ပျိုးမှု ကင်းစင်ရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ခန်းမအတွင်းပြသထားသည့် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

အလားတူ အောက်တိုဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် ချင်းပြည်နယ် ကျီးခါးမြို့ အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ဒေသခံတောင်သူများက မိမိတို့သဘောဆန္ဒအလျောက် ဘိန်းမျိုးစေ့ ၉၄ ပြည်ကို အပ်နှံခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)



ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းထံ ချင်းပြည်နယ် တွန်းဇံမြို့နယ်မှ ဒေသခံ တောင်သူများက ဘိန်းစေ့များ အပ်နှံကြစဉ်။ (သတင်းစဉ်)



## စာပေစာနယ်ဇင်းဘဝ ကြုံရသမျှ စာအုပ်ဖြန့်ချိ



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ပုံနှိပ်ထုတ်ဝေသော စာရေးဆရာ တက္ကသိုလ်မြတ်သူရေးသားသည့် "စာပေစာနယ်ဇင်းဘဝ ကြုံရသမျှ"စာအုပ်ကို စာပေဗိမာန်က ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် စာရေးသူ၏ စာပေသမားဘဝ၊ သတင်းသမားဘဝ ကိုယ်တိုင်ဖြတ်သန်းကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို ဆောင်းပါး ၆၅ ပုဒ်ဖြင့် စုစည်းဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို တစ်အုပ်လျှင် ရောင်းဈေး ၁၅၀၀ ကျပ်ဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန် စာအုပ်ဆိုင်(မန္တလေးမြို့) ဖုန်း-၀၂-၆၂၉၃၁၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်း၀ စာအုပ်ဆိုင်အမှတ်(၂၀၁/၃၀၁)မြေညီထပ် ပန်းဆိုးတန်းလမ်း(အထက်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈ တို့တွင် ဝယ်ယူရရှိနိုင်ပြီး အိမ်အရောက်မှာကြားဝယ်ယူလိုပါက ရောင်းဈေးအတိုင်း Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၀၁-၃၉၁၁၈၆ တို့သို့ မှာကြားဝယ်ယူသည်။

- - - - - - - -

## ယောကျ်ားလေးမဂ္ဂဇင်း ထုတ်ဝေ



ယခုတစ်ပတ်တွင် ဈေးကွက်ထဲသို့ Mr. Magazine အမည်ရှိ ယောကျ်ားလေးမဂ္ဂဇင်း တစ်အုပ်ဝင်ရောက်လာသည်။ ၎င်းမဂ္ဂဇင်းသည် ပေါ်ပြူလာ၊ ရတီမဂ္ဂဇင်း၊ ပေါ်ပြူလာနယူးစ်၊ အိန်ဂျယ်ဂျာနယ်တို့ကို ထုတ်ဝေနေသော Asian Fame Media Group မှ စီစဉ်ထုတ်ဝေသည်ဟု သိရသည်။

မိုးယံဇွန်နှင့် ကောင်းပြည့်တို့၏ မျက်နှာဖုံး၊ လူမင်းရဲ့ Excellent & Energetic man၊ ဘုဏ်းသိုက်နဲ့ နွယ်နွယ်ထွန်းတို့ရဲ့ Duet Fashion၊ စံရတီမိုးမြင့်ရဲ့ Attractive Girl၊ မော်ဒယ်လ်ဆန်းတိုးနိုင်နဲ့ မေဂရေ့ ပယ်ရီတို့ရဲ့ Hot Sports၊ မိုးအောင်ရင်ရဲ့ စိတ်ကြိုက်ကား audio၊ ဂီတပညာရှင်ဆရာကိုမိုးနိုင်နှင့် တွေ့ဆုံမှု အင်တာဗျူးစသော ကဏ္ဍများနှင့် စာပေရသများဖြင့် ပါဝင်တင်ဆက်ထားသည်ကို တွေ့မြင်ရသည်။

နို၀င်ဘာလထုတ်ဖြစ်သည့် ၎င်းမဂ္ဂဇင်း၏ Vol.1, No.1 သည် အမျိုးသားများအတွက် မည်မျှအထောက်အကူပြုနိုင်သည်၊ အမျိုးသမီးပရိသတ်များ မည်မျှစိတ်ဝင်စားနိုင်သည်ကိုတော့ အချိန်ပေးစောင့်ကြည့်ရဦးမည်။

- - - - - - - -

## မြရိပ်မွန်၏ Easy to Think & Easy to Write



ဆရာမ ဒေါ်ပပဝင်းမောင် M.A (English) ပြုစုရေးသားသော မြရိပ်မွန်၏ Easy to Think & Easy to Write(Letter,Essay)ရေးပုံရေးနည်း စာအုပ်ထွက်ရှိလာသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ ဆရာ၊ ဆရာမအားလုံး၊ ကျောင်းသား၊ ကျောင်းသူအားလုံး လက်ကိုင်ထား အသုံးပြုသင့်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ အလွယ်ကူဆုံးစဉ်းစားနည်းနှင့် ရေးသားနည်းစာကြောင်းများကို တည်ဆောက်ထားသည်။ ဤစာအုပ်ထဲမှ စကားလုံးများသည် ကိုယ်တိုင်ရေးတတ်အောင်နှင့် ကိုယ်တိုင်တွေးတတ်အောင် အထောက်အကူပြုမည်။ မဇ္ဈိမစာပေ အမှတ် (၂၁၇) ပထမထပ် ၃၉ လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

**နိုင်ငံတကာ အားကစားသတင်း** | **ဟိန်းထက်လင်း**

## အဒီဘာယောအား စပါးအသင်း အပြီးသတ် ဝယ်ယူမည်

**လန်ဒန် နို၀င်ဘာ ၂**



မန်စီးတီးအသင်းမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသော တိုက်စစ်မှူး အဒီဘာယော**(ယာပုံ)**အား စပါးအသင်းက အပြီးသတ်ဝယ်ယူမည်ဖြစ်ကြောင်းသိရသည်။

အသက်(၂၇)နှစ်ရှိ မန်စီးတီး တိုက်စစ်မှူး အဒီဘာယောမှာ ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်း၌ ကစားလျက်ရှိပြီး ၎င်းအား လာမည့်အပြောင်းအရွှေ့ဈေးကွက်တွင် ပေါင် ၁၄ သန်းဖြင့် ရောင်းထုတ်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းက ဈေးခေါ်ထားသည်။ လက်ရှိ ၎င်း၏ တစ်ပတ်လုပ်ခလစာ ပေါင် ၁၇၀၀၀၀ ၏ တစ်ဝက်ကို မန်စီးတီးအသင်းက ပေးချေနေရသည်။

ထို့ပြင် ၎င်းအား အီတလီ စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းနှင့် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အကယ်၍ စပါးအသင်းကသာ အဒီဘာယောကို ဝယ်ယူမည်ဆိုပါက မန်စီးတီးအသင်းအနေဖြင့် ၎င်းတို့ခေါ်ထားသော ဈေးထက်လျှော့ပေးမည်ဟု ဆိုသည်။ မန်စီးတီးအသင်းက လျှော့ပေးမည့် ပေါင် ၄ သန်းကြောင့် အရောင်းအဝယ်မှာ ဖြစ်လာနိုင်ဖွယ်ရှိသည်။ **အင်တာနက်။**

## မန်ယူနောက်ခံလူ ရာဖေးလ် ဒဏ်ရာမှ ပြန်လည်သက်သာလာ

**မန်ချက်စတာ နို၀င်ဘာ ၂**



မန်စီးတီးနှင့်ပွဲတွင် ရရှိခဲ့သော ပခုံးဒဏ်ရာကြောင့် သုံးလကြာအနားယူခဲ့ရသည့် မန်ယူနောက်ခံလူ ရာဖေးလ်မှာ ဒဏ်ရာမှ ပြန်လည်သက်သာပြီး အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီဖြစ်သည်။

အသက်(၂၁)နှစ်ရှိ ဘရာဇီးနိုင်ငံသား ရာဖေးလ်**(ယာပုံ)**မှာ ပခုံးဒဏ်ရာကြောင့် ပြီးခဲ့သည့် ဩဂုတ်လအတွင်း ခွဲစိတ်မှုခံယူခဲ့ရသည်။

ယင်းသို့ ရာဖေးလ် ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းသည် မန်ယူနောက်ခံလူ စမောလင်း ဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်၍ ခံစစ်အတွက် ရတက်မအေးဖြစ်နေရသည့် နည်းပြဖာဂူဆန်အတွက် စိတ်သက်သာရာ ရစေခဲ့သည်။

ရာဖေးလ်မှာ ယခုနှစ် ဘောလုံးရာသီအတွင်း ကွန်မြူနစ်တီဒိုင်းတွင် မန်စီးတီးကို ၃-၂ ဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်၌ ၁၈ မိနစ်သာ လူစားဝင်ရောက်ကစားခဲ့ပြီး ပခုံးဒဏ်ရာရရှိခဲ့သဖြင့် သုံးလကြာ အနားယူခဲ့ရခြင်း ဖြစ်သည်။

ရာဖေးလ်နှင့် ဖေဘီယိုတို့ညီအစ်ကိုမှာ ၂၀၀၈ ခုနှစ်က ဘရာဇီးကလပ် ဖလူမီနိစ်အသင်းမှ မန်ယူသို့ ရောက်ရှိလာပြီး လူငယ်ခြေတက်များဖြစ်သဖြင့် ပွဲထွက်ကစားခွင့် အမြောက်အမြားရရှိခဲ့သည်။ **အင်တာနက်။**

**နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း**

## ကရီနာကပူးနှင့် အမီရာခန် လန်ဒန်တွင် ရုပ်ရှင်ရိုက်



အိန္ဒိယဘောလိဝုဒ် နာမည်ကျော် မင်းသမီးကရီနာကပူး**(ယာပုံ)**နှင့် မင်းသားအမီရာခန်တို့သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်တွင် ရောက်ရှိနေပြီး ရေအောက်စွန့်စားခန်းဇာတ်ဝင်ခန်းတစ်ခန်း ရိုက်ကူးလျက်ရှိကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ဘောလိဝုဒ်ငွေကြယ်ပွင့်မင်းသမီးချော ကရီနာကပူးက "ဒီဇာတ်ကားနဲ့ ပတ်သက်လို့ ကျွန်မ ဘာမှထုတ်ဖော်မပြောချင်သေးပါဘူး။ ကျွန်မကတော့ အမီရာခန်နဲ့ ဒုတိယအကြိမ် ပူးတွဲသရုပ်ဆောင်ရတာကို ကံကောင်းတယ်လို့ ထင်ပါတယ်။ ပျော်စရာလည်း ကောင်းပါတယ်" ဟု ဘောလိဝုဒ် ရုပ်ရှင်သတင်းထောက်တစ်ဦးကို ပြောကြားသည်။

ဆက်လက်၍ ကပူးက "ကျွန်မနဲ့ အမီရာခန်က 3 Idiots (ငမိုက်သား ၃ ယောက်) ဇာတ်ကားမှာ အတူသရုပ်ဆောင်ခဲ့ကြပါတယ်။ အခုရိုက်နေတဲ့ ဇာတ်ကားမှာလည်း ကျွန်မကအဓိက ဇာတ်ဆောင်နေရာက သရုပ်ဆောင်ရပါတယ်။ ဒီဇာတ်ကားကို ၂၀၁၂ ခုနှစ် ဇွန်လမှ ဖြန့်ချိပြသသွားမှာပါ။ ဒီဇာတ်ကား ဖြန့်ချိပြသဖို့ ကျွန်မ အရမ်းစိတ်လှုပ်ရှားနေပါတယ်။ အခုရိုက်နေတဲ့ ဇာတ်ဝင်ခန်းက ရေအောက်စွန့်စားခန်းပါ"ဟုဆိုသည်။

ကပူးနှင့်ခန်သည် ရေအောက်စွန့်စားခန်း ဇာတ်ဝင်ခန်းကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်လည်း ရိုက်ကူးထားကြောင်း သတင်းတွင် ဖော်ပြသည်။ ဤဇာတ်ကားတွင် ဘင်ဂါလီမင်းသမီး ရာနီမူကာဟာဂျီ ပါဝင်သရုပ်ဆောင်ထားသော်လည်း လန်ဒန်ရိုက်ကူးရေး အစီအစဉ်တွင် မပါဝင်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယငွေကြယ်ပွင့် မင်းသမီးချော ကရီနာကပူးကို ဘောလိဝုဒ်စူပါစတား ရှရွတ်ခန်နှင့် တွဲဖက်သရုပ်ဆောင်ထားသည့် အိန္ဒိယစိတ်ကူးယဉ်သိပ္ပံ အက်ရှင်ဇာတ်ကား Ra.One တွင်လည်း စောင့်မျှော် ရှုစားကြရဦးမည် ဖြစ်သည်။

**အင်တာနက်။**

**အေဝမ်းစိုး**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၃-၁၁-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်+မောရသုတ်+ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "အနှစ်မပါ ငါးခန္ဓာ" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၄)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၉)** |
| ၈း၄၀ | City Mart Music Concert II (Part-4) |
| ၉း၂၀ | Intellectual Talk |
| ၁၀း၁၀ | လှပဝေဆာစိမ်းလန်းပေဦးတော့မည်. . . ချင်းတို့မြေ |
| ၁၀း၃၅ | နှစ်စဉ်မပျက် နွဲလို့ပျော် မြို့ရွှေဆည်၏ဆင်ပွဲတော် |
| ၁၀း၅၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၁၁း၂၀ | ဦးထိပ်ပန်ဆင် ဆရာသခင် ဂုဏာပူဇာမင်္ဂလာသဘင် |
| ၁၁း၄၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၀၅ | လုံခြုံစိတ်ချလှပဂုဏ်ဆောင် စော်ဘွားလေးဗိုလ်ဗိုလ်မောင် |
| ၁၂း၂၀ | ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ် (အပိုင်း-၁) |
| ၁၂း၄၀ | မဂ္ဂင်စခန်းသို့ မှန်းကာရည်မျှော်. . . ရွှေမန်းမြေက သာသနာ့မှတ်တိုင်တော် |
| ၁း၀၀ | "အနှစ်မပါ ငါးခန္ဓာ" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Quiz Idol |
| ၃း၀၀ | Activities In The City |
| ၃း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၄)** |
| ၄း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၉)** |
| ၄း၅၅ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အားလုံးကဟော့မှကြိုက်တယ်" |
| ၅း၂၀ | Relaxing River Cruise with dora |
| ၅း၄၀ | ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ်များဖြင့် ရော်ဘာအထွက်နှုန်းများ တိုးမြင့်လာစေရန် ဆောင်ရွက်ခြင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၅)** |
| ၇း၂၀ | City Mart Music Concert II (Part-5) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | စကားနပန်း |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၁၀)** |
| ၁၀း၁၀ | Style ရှိမှ Star ဖြစ်မယ် |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၁၅ | အားကစားမြင်ကွင်းစုံ |
| ၁၁း၄၀ | စပါးအထွက်တိုးခြင်းအစပျိုးပင်ကောင်းမှ |
| ၁၁း၅၅ | ဓာတ်ပုံထဲမှအမှတ်တရများ |
| ၁၂း၂၀ | ပိုင်-မောင်း-ရောင်းဘသောင်း (နေရှိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့) (ဒါရိုက်တာ-မျိုးဇော်အောင်) |
| ၁း၀၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် |
| ၁း၂၅ | မြန်မာအကွာရာအသုံးပြုနိုင်သော. . . CDMA Mobile Phone |
| ၁း၄၀ | အနုပညာနှင့် နည်းပညာ ပေါင်းစပ်ဖန်တီးထားတဲ့ကမ္ဘာလေး |
| ၂း၁၀ | ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ |
| ၂း၃၅ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ |
| ၃း၀၀ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၄း၀၀ | အမြင့်သဘင်၏ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့်ဟိမဝန္တာခန်း) |
| ၄း၁၅ | အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော် |
| ၄း၄၀ | အဓိဌာန်ပြုကာဆုခြွေမည် ဦးရာဇ်တော်စေတီ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# အမျိုးသားလွှတ်တော်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## လွှတ်တော်နှစ်ရပ်သည် လုပ်ပိုင်ခွင့်တူညီစွာရှိသည့် ညီနောင်လွှတ်တော်များဖြစ် နားလည်မှုရှိရှိဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက သင်ခန်းစာသာလျှင်ဖြစ်မည်

နေပြည်တော် နိုဝင်ဘာ ၂

ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၉)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ လွှတ်တော်၏အတည်ပြုချက်ဖြင့် အဆို(၁)ခု တင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်း၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ဖြန့်ဝေထားခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့အသိပေးခြင်း၊ ဒုတိယပုံမှန်အစည်းအဝေးတွင်တင်သွင်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ဆောင်ရွက်ချက်များအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော် အစည်းအဝေး (၄၄)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

**အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍ**တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ ဥပဒေကြမ်း ပူးပေါင်းကော်မတီအား စိစစ်စေပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ သံသယရှိသော ကိစ္စရပ်များ ပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ခြင်းအား ထောက်ခံကြောင်းနှင့် ပြည်သူ့လွှတ်တော်၌ ၎င်းကိစ္စအား ပယ်ဖျက်ရန် အတည်ပြုသောအဆိုကို ကန့်ကွက်ကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် (၄၄)ရက်မြောက်နေ့ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်က ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ အရေးကြီးအဆို တင်သွင်းပြီး ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အဆိုနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ကြသည်ကို ဖုန်းဆက်ကြပါကြောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အဆိုနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင်လည်း ယနေ့ပင် အဆိုတင်ဆွေးနွေးလိုကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်နာယက၏

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

# တပ်မတော်မိသားစုမှ ထိုင်းနိုင်ငံရေဘေးသင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂**

တပ်မတော်မိသားစုများက ထိုင်းနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ပစ္စည်းများကို ယနေ့နံနက် ၁၁ နာရီတွင် တပ်မတော်ကုန်တင်လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းခဲ့သောပစ္စည်းများမှာ ငွေကျပ် ၃၂၁၆၃၆၀ တန်ဖိုးရှိ မာမီးခေါက်ဆွဲခြောက်ထုပ် ၁၀၇၈၀ နှင့် ငွေကျပ် ၉၆၉၀၀၀ တန်ဖိုးရှိ တစ်လီတာဝင် မြနန္ဒာသောက်ရေသန့် ၆၄၅၆ ဘူးဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၁၈၅၃၆၀ ဖြစ်ကြောင်းနှင့် စုစုပေါင်းအလေးချိန် ၈ ဒသမ ၉၈၈ တန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**တာဝန်ရှိသူများက တပ်မတော်မိသားစုများမှ ထိုင်းနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော စားသောက်ဖွယ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်စဉ်။** (သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား

## အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်ကိုယ်စားလှယ်အဖွဲ့တွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael H. Posner နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston တို့ ပါဝင်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဧည့်သည်အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)